# နိုင်ငံခြားသား အသစ်များကို လက်ခံရန်နှင့် သဟဇာတဖြစ်တည်မှုအတွက် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ကို အကောင်အထည်ဖော်ရန် အစပြုလုပ်ဆောင်ခြင်း

出入国在留管理庁
ဂျပန်လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီ


နောက်ဆုံးအချက်အလက်များကို တရားရေးဝန်ကြီးဌာန (Ministry of Justice) ရဲ့ဝက်ဆိုဒ်ကို ဝင်ကြည့်ပါ။

နိုင်ငံခြားသားအသစ်များ လက်ခံခြင်း (အထူးကျွမ်းကျင်တဲ့ နေထိုင်ခွင့်အခြေအနေကို အစပြုခြင်း)
http://www.moj.go.jp/nyuukokukanri/kouhou/nyuukokukanri01_00127.html

【မာတိကာ】


1 နိုင်ငံခြားသားများနေထိုင်ခြင်းရဲ့ဦးတည်ရာ အရေအတွက် ······ 1

2 နေထိုင်ခွင့်အခြေအနေစာရင်း ······ 2

3 နိုင်ငံခြားသားနေထိုင်ခွင့်အခြေအနေနှင့် နိုင်ငံသားရဲ့အသေးစိတ်ကိန်းဂဏန်းများ (၂၀၁၉ ဇွန်လ အဆုံးပိုင်းထိ) ······ 3

4 နိုင်ငံခြားအလုပ်သမားများရဲ့အသေးစိတ်ကိန်းဂဏန်းများ ······ 4

5 နိုင်ငံခြားလုပ်သားများလက်ခံခြင်း ······ 5

6 ဖွဲ့စည်းပုံစနစ်အောက်လိုင်း (၁) နေထိုင်ခွင့်အခြေအနေ ······ 6

7 အလုပ်နယ်ပယ်အလိုက် မူဝါဒများ (နယ်ပယ် ၁၄ ခု) ······ 7

8 နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း နှင့် အထူးကျွမ်းကျင်တဲ့လုပ်သားများ နှိုင်းယှဉ်ခြင်းစနစ် (အောက်လိုင်း) ······ 10

9 ဖွဲ့စည်းပုံစနစ်အောက်လိုင်း (၂) အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းနှင့် မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်း ······ 11

10 ဖွဲ့စည်းပုံစနစ်အောက်လိုင်း (၃) အလုပ်မစတင်မီအရေးကြီးတဲ့လုပ်ငန်းစဉ်များ ······ 12

11 အထောက်အပံ့အစီအစဉ် အောက်လိုင်း (၁) ······ 13

12 အထောက်အပံ့အစီအစဉ် အောက်လိုင်း (၂) ······ 14

13 မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းဆိုတာ ဘာလဲ? ······ 15

14 အသိပေးချက်များ (အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများနှင့် မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းများ) ······ 16

15 အလုပ်နယ်ပယ်အလိုက် အထူးကျွမ်းကျင်တဲ့လုပ်သားများ ကောင်စီ ······ 17

16 "အထူးကျွမ်းကျင်တဲ့လုပ်သား"များအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချွန်လွှာ (Memorandum of Cooperation-MOC) ရဲ့အောက်လိုင်း ······ 18

17 အထူးကျွမ်းကျင်တဲ့လုပ်သားစနစ်ရဲ့လုပ်ငန်းအခြေအနေ ······ 19


18 အခြေခံမူဝါဒနှင့် စွမ်းဆောင်ရည်ပြည့်အမှုဆောင်စည်းမျဉ်း စသည်ဖြင့် ······ 21

19 နိုင်ငံခြားလုပ်သားများရဲ့လက်ခံမှုနှင့် လူမှုရေးပေါင်းစည်းမှုများအတွက် ပြည်စုံတဲ့ဆောင်ရွက်ချက်များ ······ 30

20 ရည်ညွှန်းချက်များ ······ 34

# နိုင်ငံခြားသားများနေထိုင်ခြင်းရဲ့ဦးတည်ရာ အရေအတွက်

出入国在留管理庁
ဂျပန်လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီ




*ခုနှစ်တိုင်းက နှစ်ကုန်ခြင်း တွင်ဖြစ်သည်။ ၂၀၁၁ခုနှစ်အထိ အရေအတွက်ဟာ မှတ်ပုံတင်ထားသော နိုင်ငံခြားသားများကိုကိုယ်စားပြုပြီး ၂၀၁၂ ခုနှစ်မှစ၍ နောက်ပိုင်းအထိအရေအတွက်ဟာ နိုင်ငံခြားသားများနေထိုင်ခြင်းကို ကိုယ်စားပြုသည်။

## အလုပ်အတွက်ရထိုက်တဲ့ နေထိုင်ခွင့်အခြေအနေ (လုပ်ဆောင်မှုအပေါ်ကန့်သတ်ချက်များနှင့်အတူ)

| နေထိုင်ခွင့်အခြေအနေ | နမူနာများ |
|---|---|
| သံတမန် | နိုင်ငံခြားအစိုးရရဲ့သံအမတ် (သို့) ဝန်ကြီးနှင့် သူတို့ မိသားစုဝင်များ |
| အရာရှိ | ပြည်သူ့ရေးရာနှင့် သူတို့ရဲ့မိသားစုတွင် ပါဝင်ပတ်သက်သော နိုင်ငံခြားအစိုးရဝန်ထမ်း |
| ပါမောက္ခ | ကောလိပ် ပါမောက္ခ |
| အနုပညာရှင် | တေးရေးဆရာ၊ ပန်းချီဆရာ (သို့) စာရေးဆရာ၊ စသည်ဖြင့်... |
| ဘာသာရေးလုပ်ဆောင်မှုများ | နိုင်ငံခြားဘာသာရေးအဖွဲ့အစည်းမှ သာသနာပြုများကို ခန့်အပ်ခြင်း |
| ဂျာနယ်လစ် | နိုင်ငံခြား စာနယ်ဇင်းသတင်းထောက် (သို့) ဓာတ်ပုံဆရာ |
| အဆင့်မြင့်ကျွမ်းကျင်ပညာရှင် | အမှတ်စနစ်အောက်ရှိ မြင့်မားသော ကျွမ်းကျင် ပရော်ဖက်ရှင်နယ် |
| စီးပွားရေးမန်နေဂျာ | ကုမ္ပဏီရဲ့မန်နေဂျာ (သို့) အုပ်ချုပ်ရေးမှူး၊ စသည်ဖြင့်... |
| ဥပဒေရေးရာ / စာရင်းကိုင်ဝန်ဆောင်မှု | ရှေ့နေ (သို့) အများအသိအမှတ်ပြု စာရင်းကိုင် လက်မှတ်ရှိသူ |
| ကျန်းမာရေးဝန်ဆောင်မှုများ | ဆရာဝန်၊ သွားဆရာဝန် (သို့) မှတ်ပုံတင်ထားတဲ့သူနာပြု |
| သုတေသီ | အစိုးရအေဂျင်စီတစ်ခု (သို့) ကုမ္ပဏီတစ်ခုမှ သုတေသီများ |
| ဆရာ/နည်းပြ | အထက်တန်း (သို့) အငယ်တန်းကျောင်းများတွင် ဘာသာစကား သင်ကြားပို့ချသူ၊ စသည်ဖြင့်... |
| အင်ဂျင်နီယာ၊ / လူမှုရေးအထူးကျွမ်းကျင်သူ / အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုအလုပ်သမား | စက်မှုအင်ဂျင်နီယာ၊ စကားပြန်၊ ဒီဇိုင်နာ၊ ဘာသာစကားသင်ကြားသူစသည့် အင်ဂျင်နီယာ စသည်ဖြင့် |
| ကုမ္ပဏီတွင်းလွှဲပြောင်းယူသူ | နိုင်ငံရပ်ခြားရုံးမှလွှဲပြောင်းယူသူ |
| သူနာပြုစောင့်ရှောက်မှုလုပ်ငန်း | သူနာပြုစောင့်ရှောက်မှုလုပ်သား |
| ဖျော်ဖြေတင်ဆက်သူ | သရုပ်ဆောင်၊ အဆိုတော် (သို့) ပရော်ဖက်ရှင်နယ် အားကစားသမား၊ စသည်ဖြင့်... |
| ကျွမ်းကျင်လုပ်သား | နိုင်ငံခြားအစားအစာချက်တက်တဲ့ စာဖိုမှူး၊ အားကစားနည်းပြ၊ စသည်ဖြင့်... |
| အထူးကျွမ်းကျင်တဲ့လုပ်သား (မှတ်ချက် ၁) | သတ်မှတ်ထားတဲ့လုပ်ငန်းနယ်ပယ် (မှတ်ချက် ၂) မှ ကျွမ်းကျင်မှုကြောင့် လိုအပ်သော အလုပ်များတွင် ပါဝင်နေတဲ့နိုင်ငံခြားသားများ |
| နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း | နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် |

မှတ်ချက် ၁- ၂၀၁၉ ဧပြီ ၁ ရက်နေ့မှစ၍

မှတ်ချက် ၂- သူနာပြုစောင့်ရှောက်မှုလုပ်ငန်း၊ အဆောက်အဦးသန့်ရှင်းရေးလုပ်ငန်း၊ စက်အစိတ်အပိုင်းနှင့် စက်ကိရိယာလုပ်ငန်းများ (သတ္တုလုပ်ငန်း)၊ စက်မှုစက်ရုံလုပ်ငန်း၊ လျှပ်စစ် အီလက်ထရောနစ် နှင့် သတင်းအချက်အလက် လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း၊ ကားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ လေကြောင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း (ဒီဇင်ဘာ ၂၅၊ ၂၀၁၈ တွင်အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်)။

## ကိုယ်ရေးကိုယ်တာအခြေအနေ (သို့) ရာထူးအပေါ်အခြေခံ၍ နေထိုင်ခွင့်အခြေအနေ (ကန့်သတ်ချက်များမရှိရင်)

| နေထိုင်ခွင့်အခြေအနေ | နမူနာများ |
|---|---|
| အမြဲတမ်းနေထိုင်သူ | အမြဲတမ်းနေထိုင်ခွင့်ပြုသူ |
| ဂျပန်အမျိုးသားရဲ့အိမ်ထောင်ဖက် (သို့) ကလေး | အိမ်ထောင်ဖက်၊ ဇီဝဗေဒဆိုင်ရာကလေး (သို့) ကလေးကို ဂျပန်နိုင်ငံသားမှ မွေးစားသည် |
| အမြဲတမ်းနေထိုင်ခွင့်ရဲ့အိမ်ထောင်ဖက်(သို့) ကလေး | အမြဲတမ်းနေထိုင်သူ /အထူးအမြဲတမ်းနေထိုင်သူရဲ့ အိမ်ထောင်ဖက်၊ (သို့) ဂျပန်တွင်မွေးဖွားပြီး ဂျပန်၌ဆက်လက်နေထိုင်မယ့် ကလေး။ |
| ရေရှည်နေထိုင်သူများ | ဂျပန်တတိယမျိုးဆက်၊ နိုင်ငံခြားသား အရင်အိမ်ထောင်ဖက်နဲ့ လိုက်ပါလာတဲ့ သားသမီးများ |

## အထူးရွေးချယ်သတ်မှတ်ထားသော လုပ်ဆောင်မှုများအတွက် နေထိုင်ခွင့်အခြေအနေ

| နေထိုင်ခွင့်အခြေအနေ | နမူနာများ |
|---|---|
| ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ | သံတမန်များရဲ့ပြည်တွင်းလုပ်သားများ၊ စသည်ဖြင့် အားလပ်ရက်အလုပ်လုပ်ခြင်းအစီအစဉ်များ |


## အလုပ်လုပ်ခွင့်မရှိသော နေထိုင်ခွင့်အခြေအနေ(*)

| နေထိုင်ခွင့်အခြေအနေ | နမူနာများ |
|---|---|
| ယဉ်ကျေးမှုဆိုင်ရာ လုပ်ဆောင်မှုများ | ဂျပန်ယဉ်ကျေးမှုရဲ့သုတေသီ |
| ယာယီလည်ပတ်သူ | ခရီးသည် (သို့) အစည်းအဝေးတချို့တွင်ပါဝင်သူ |
| ကျောင်းသား | တက္ကသိုလ်၊ အငယ်တန်းကောလိပ် (သို့) ဘာသာစကားကျောင်းမှ ကျောင်းသား (သို့) တပည့် |
| သင်တန်းသား | သင်တန်းသား |
| မှီခိုသည် | နိုင်ငံခြားသားက ထောက်ခံပေးတဲ့ အိမ်ထောင်ဖက် (သို့) ကလေး |


*အလုပ်လုပ်ခွင့်မရှိသော နေထိုင်ခွင့်အခြေအနေကို လက်ခံတဲ့အခါ သေးငယ်တဲ့အလုပ်ပမာဏ တချို့ကိုတော့ ခွင့်ပြုသည်။

## နိုင်ငံခြားသားစုစုပေါင်းအရေအတွက် - ၂,၈၂၉,၄၁၆

### နေထိုင်ခွင့်အခြေအနေ





### နိုင်ငံသား/ဒေသ



# နိုင်ငံခြားအလုပ်သမားများရဲ့အသေးစိတ်ကိန်းဂဏန်းများ






MHLW မှထုတ်ပြန်သော" နိုင်ငံခြားသားအလုပ်အကိုင်အခြေအနေ" အကျဉ်းချုပ် (နှစ်စဉ်အောက်တိုဘာလကုန်တွင်) အခြေခံသည်။

**(၁) အခြေအနေပေါ်မူတည်၍ နေထိုင်သူ - အယောက် ၅၃၂,၀၀၀ ခန့်**

(အခြေခံအားဖြင့် "ရေရှည်နေထိုင်သူများ" (အဓိကအားဖြင့်ဂျပန်သားစဉ်မြေးဆက်)၊ "အမြဲတမ်းနေထိုင်သူ" နှင့် "ဂျပန်အမျိုးသားရဲ့အိမ်ထောင်ဖက် (သို့) ကလေး"၊ စသည်ဖြင့်...)

・ဒီ နေထိုင်ခွင့်အခြေအနေများက ဘယ်လုပ်ဆောင်မှုမျိုးကိုမဆို ကန့်သတ်ခြင်းမရှိပါ၊ ဒါကြောင့် အခကြေးငွေရနိုင်တဲ့ လုပ်ငန်းလုပ်ဆောင်မှု အသီးသီးတွင် ပါဝင်လုပ်ဆောင်နိုင်သည်။

**(၂) အလုပ်လုပ်ရန်နေထိုင်သူများ - အယောက် ၃၂၉,၀၀၀ ခန့်**

("ပရော်ဖက်ရှင်နယ်နှင့် နည်းပညာနယ်ပယ်" လို့ပြောတဲ့နယ်ပယ်)

・ ဒီနေထိုင်ခွင့်အခြေအနေများ အတွက် ဆုံးဖြတ်ပေးမှုကို "ဂျပန်စက်မှုလုပ်ငန်း၊ နိုင်ငံသားများရဲ့ဘဝနှင့် အခြားအခြေအနေများ သက်ရောက်မှုအပေါ်" မူတည်ပြီး စံသတ်မှတ်ချက်ကို ပေးဖို့ ထည့်သွင်းစဉ်းစားသည်။

**(၃) ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ - အယောက် ၄၁,၀၀၀ ခန့်**

(EPA ကိုအခြေခံတဲ့ နိုင်ငံခြား သူနာပြုစောင့်ရှောက်မှုလုပ်ငန်းများ၊ အားလပ်ရက်အလုပ်လုပ်ခြင်းအစီအစဉ်၊ နိုင်ငံခြားဆောက်လုပ်ရေးလုပ်သားများ၊ နိုင်ငံခြားသင်္ဘောတည်ဆောက်သူများ၊ စသည်ဖြင့်...)

・ ဂျပန်တွင် "ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ" နေထိုင်ခွင့်အခြေအနေနှင့် နေထိုင်တဲ့ နိုင်ငံခြားသားများက အခကြေးငွေ လက်ခံ ယူနိုင်၊ မယူနိုင်ခြင်းဟာ သူတို့တစ်ဦးချင်းစီ ခွင့်ပြုချက်ရဲ့အသေးစိတ်အပေါ်မူတည်သည်။

**(၄) နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း– အယောက် ၃၈၄,၀၀၀ ခန့်**

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ကျွမ်းကျင်မှုလွှဲပြောင်းပေးခြင်း အားဖြင့် ရည်ရွယ်သည်။

၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ လူဝင်မှုကြီးကြပ်ရေး နှင့် ဒုက္ခသည်အသိအမှတ်ပြုမှုအက်ဥပဒေ ပြန်လည်ပြင်ဆင်မှုအောက်တွင် နည်းပညာဆိုင်ရာ သင်တန်းသားများသည် ဂျပန်သို့ပထမဆုံးအကြိမ် ဝင်ရောက်ပြီးမှ အလုပ်အကိုင်အခွင့်အလမ်းများအတွက် "နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်း" နေထိုင်ခွင့်အခြေအနေကိုရရှိခဲ့သည်။

**(၅) နေထိုင်ခွင့်အခြေအနေအောက်တွင် ခွင့်ပြုထားသည့် အရာမှလွဲ၍ တခြား လုပ်ဆောင်မှုများ** (ပြည်ပကျောင်းသား အချိန်ပိုင်းအလုပ်သမားများ၊ စသည်ဖြင့်...)**- အယောက် ၃၇၃,၀၀၀ ခန့်**

・မူလ နေထိုင်ခွင့်အခြေအနေကို (တစ်ပတ်ကို ၂၈ နာရီအထိ၊ စသည်ဖြင့်...) တားဆီးမထားတဲ့ အကန့်အသတ်ဖြင့်သာလျှင် အခကြေးငွေအတွက် လုပ်ဆောင်မှုများက သင့်လျော်တယ်ဟုမှတ်ယူနိုင်သည်။

# နိုင်ငံခြားလုပ်သားများလက်ခံခြင်း

## လက်ရှိအခြေခံသဘောတရားများ

**အထူးပြုနည်းပညာနယ်ပယ်များရှိနိုင်ငံခြားသားများ** → **တက်ကြွစွာလက်ခံခြင်း**

- ဂျပန်နိုင်ငံရဲ့စီးပွားရေးနှင့် လူ့အဖွဲ့အစည်းကို ပြန်လည်ရှင်သန်လာစေရန်နှင့် နိုင်ငံတကာမှ အပြည့်ပြည့်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရှုထောင့်မှကြည့်လျှင် နိုင်ငံခြားသားအလုပ်သမားများကို အထူးပြုနည်းပညာနယ်ပယ်များတွင် တက်ကြွစွာလက်ခံခြင်းကို မြှင့်တင်ရန်။
  (၉ ကြိမ်မြောက် အခြေခံအလုပ်အကိုင်စီမံကိန်း (အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်))
- နေထိုင်ခွင့်အခြေအနေအတွက် လျှောက်လွှာ၊ ဆုံးဖြတ်ချက်လုပ်ငန်းစဉ်နှင့် သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းများရဲ့ဝန်ထုပ်ဝန်ပိုးများကို ရှင်းလင်းလျှော့ချခြင်းအားဖြင့် ဂျပန်နိုင်ငံရဲ့စီးပွားရေးနှင့် လူ့အဖွဲ့အစည်းကို တက်ကြွစွာအထောက်အကူပြုမည့် အထူးပြုနည်းပညာနယ်ပယ်များတွင် နိုင်ငံခြားသားများကို ချောချောမွေ့မွေ့လက်ခံခြင်းကို ရည်ရွယ်သည်။
  (လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်မှုအတွက်အခြေခံစီမံကိန်း (တရားရေး ဝန်ကြီးဌာန))

**အခြား နိုင်ငံခြားသားများ** → **အမျိုးမျိုးထည့်သွင်းစဉ်းစားရန်လိုအပ်**

- ဂျပန်နိုင်ငံရဲ့စီးပွားရေး၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများရဲ့ဘဝအပေါ် သိသာသောသက်ရောက်မှုများကြောင့် နိုင်ငံသားများရဲ့ သဘောတူညီမှုအပေါ် အခြေခံ၍ အထူးအလေးထား ဂရုပြုပါ။
  (၉ ကြိမ်မြောက် အခြေခံအလုပ်အကိုင်စီမံကိန်း (အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်))
- ဘယ်လိုပင်ဖြစ်ပါစေ အစိုးရအေဂျင်စီများအနေဖြင့် အနာဂတ်တွင် နိုင်ငံခြားသားများအားလက်ခံမှုနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရန်လိုအပ်၊ လုပ်သားအင်အားချို့တဲ့မှုကို ကိုင်တွယ်ရန်အတွက် “အထူးကျွမ်းကျင်တဲ့လုပ်သား” အစီအစဉ်ရဲ့ နေထိုင်ခွင့်အခြေအနေကိုထည့်သွင်းစဉ်းစားရန်၊ နိုင်ငံခြားတိုင်းပြည်များရဲ့စနစ်များနှင့် အခြေအနေများကို နားလည်ရန်နှင့် နိုင်ငံသားများရဲ့ စိုးရိမ်မှုများကို လိုလိုလားလား နားထောင်ရန်။
  (လူဝင်မှုကြီးကြပ်ရေးထိန်းချုပ်မှုအတွက်အခြေခံစီမံကိန်း (တရားရေး ဝန်ကြီးဌာန))

# ဖွံ့စည်းပုံစနစ်အောက်လိုင်း (၁) နေထိုင်ခွင့်အခြေအနေ



- **အထူးကျွမ်းကျင်တဲ့လုပ်သား (၁)-** အလုပ်ရဲ့လိုအပ်ချက်ဖြင့် သတ်မှတ်ထားတဲ့ လုပ်ငန်းနယ်ပယ် မှာ ဗဟုသုတနှင့် အတွေ့အကြုံရှိတဲ့ နိုင်ငံခြားသားများရဲ့ နေထိုင်ခွင့်အခြေအနေ
- **အထူးကျွမ်းကျင်တဲ့လုပ်သား (၂)-** သတ်မှတ်ထားတဲ့လုပ်ငန်းနယ်ပယ်မှာ လိုအပ်တဲ့ ကျွမ်းကျင်မှုစွမ်းရည်ရှိတဲ့ နိုင်ငံခြားသားများရဲ့ နေထိုင်ခွင့်အခြေအနေ

သတ်မှတ်ထားတဲ့လုပ်ငန်းနယ်ပယ် (နယ်ပယ် ၁၄ ခု) - သူနာပြုစောင့်ရှောက်မှုလုပ်ငန်း၊ အဆောက်အဦးသန့်ရှင်းရေးလုပ်ငန်း၊ စက်အစိတ်အပိုင်းနှင့် စက်ကိရိယာလုပ်ငန်းများ (သတ္တုလုပ်ငန်း)၊ စက်မှုစက်ရုံလုပ်ငန်း၊ လျှပ်စစ် အီလက်ထရောနစ် နှင့် သတင်းအချက်အလက် လုပ်ငန်း၊ <u>ဆောက်လုပ်ရေးလုပ်ငန်း၊ သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း၊</u> ကားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ လေကြောင်းလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း

(မျဉ်းသားထားတဲ့ အလုပ် နှစ်ခုက အထူးကျွမ်းကျင်တဲ့လုပ်သား (၂) နှင့်သက်ဆိုင်သည်။)


## အထူးကျွမ်းကျင်တဲ့လုပ်သား (၁) အတွက် အဓိကအချက်များ

- နေထိုင်ခွင့်သက်တမ်း- ၄ လ၊ ၆ လ (သို့) ၆ လတိုင်းသက်တမ်းတိုးနိုင်၊ စုစုပေါင်း ၅ နှစ်အထိနေနိုင်
- ကျွမ်းကျင်မှုစံနှုန်း- စာမေးပွဲများအားဖြင့် အတည်ပြုသည်၊ စသည်ဖြင့် (နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) အောင်မြင်ပြီးဆုံးသူများ ကင်းလွတ်ခွင့်ရှိ၊ စသည်ဖြင့်)
- ဂျပန်ဘာသာစကားစွမ်းရည် အဆင့်- ဘဝနှင့်အလုပ်အတွက် ဂျပန်ဘာသာစကားစွမ်းရည်ကို လိုအပ်သည်၊ စာမေးပွဲများအားဖြင့် အတည်ပြုသည်၊ စသည်ဖြင့်။ (နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) အောင်မြင်ပြီးဆုံးသူများ ကင်းလွတ်ခွင့်ရှိ၊ စသည်ဖြင့်။)
- မိသားစုဝင်များခေါ်ဆောင်ခြင်း- အခြေခံအားဖြင့်လက်မခံပါ။
- အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း (သို့) မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းမှ ထောက်ပံ့မှုအတွက် အရည်အချင်းပြည့်မီသည်။

## အထူးကျွမ်းကျင်တဲ့လုပ်သား (၂) အတွက် အဓိကအချက်များ

- နေထိုင်ခွင့်သက်တမ်း- ၃ နှစ် ၊ ၁ နှစ် (သို့) ၆ လ တိုင်းသက်တမ်းတိုးနိုင်
- ကျွမ်းကျင်မှုစံနှုန်း- စာမေးပွဲများအားဖြင့် အတည်ပြုသည်၊ စသည်ဖြင့်။
- ဂျပန်ဘာသာစကားစွမ်းရည် အဆင့်- စာမေးပွဲများအားဖြင့် အတည်ပြုခြင်း မလိုအပ်ပါ၊ စသည်ဖြင့်။
- မိသားစုဝင်များခေါ်ဆောင်ခြင်း- လိုအပ်ချက်များပြည့်မီလျှင် ဖြစ်နိုင်ပါတယ်(အိမ်ထောင်ဖက်၊ ကလေး)
- အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း (သို့) မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းမှ ထောက်ပံ့မှုအတွက် အရည်အချင်းမပြည့်မီပါ။

**[အလုပ်လုပ်ရန် နေထိုင်ခွင့်အခြေအနေရဲ့ ကျွမ်းကျင်မှုအဆင့်]**



# အလုပ်နယ်ပယ်အလိုက် မူဝါဒများ (နယ်ပယ် ၁၄ ခု)

| | နယ်ပယ် | အလုပ်သမားရှားပါးမှုအခြေအနေ | HR စံနှုန်းများ | | အခြားအရေးကြီးကိစ္စများ | | |
|---|---|---|---|---|---|---|---|
| | | လက်ခံမယ့်အရေအတွက် (အများဆုံးသတ်မှတ်ချက် ၅ နှစ် အထက်) (*) | ကျွမ်းကျင်ခြင်း စမ်းသပ်မှု | ဂျပန်ဘာသာစကားစာမေးပွဲ | ထမ်းဆောင်ရမယ့်အလုပ်များ | အလုပ်အမျိုးအစား | အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများအတွက် အထူးအခြေအနေများ |
| ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | သူနာပြုစောင့်ရှောက်မှုလုပ်ငန်း | အယောက် ၆၀,၀၀၀ | စောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်ခြင်း အကဲဖြတ်စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကားအတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော (အထက်ပါအပြင် သူနာပြုစောင့်ရှောက်မှု ဂျပန်ဘာသာစကားအကဲဖြတ် စစ်ဆေးမှု) | - သူနာပြုစောင့်ရှောက်မှု အပြင် (ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူတွေကို ရေချိုးပေးခြင်း၊ အစာကျွေးခြင်း၊ အညစ်အကြေးစွန့်ပေးခြင်း)၊ တခြားပံ့ပိုးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ (အပန်းဖြေမှုနှင့် ရုပ်ပိုင်းဆိုင်ရာလေ့ကျင့်မှု များကို ကူညီပေးခြင်း၊ စသည်ဖြင့်။)<br>မှတ်ချက်- လာရောက်လည်ပတ်တဲ့ ဝန်ဆောင်မှုများ မပါဝင်ပါ<br>(အမျိုးအစား ၁ ခု) | တိုက်ရိုက် | •MHLW မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>•MHLW ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>•ရုံးတစ်ခုစီမှာ လူအများလက်ခံတဲ့ အရေအတွက်ကို သတ်မှတ်ပါ။ |
| | အဆောက်အဦးသန့်ရှင်းရေး လုပ်ငန်း | အယောက် ၃၇,၀၀၀ | အဆောက်အဦး သန့်ရှင်းရေးလုပ်ငန်း နယ်ပယ် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | - အဆောက်အဦးအတွင်းပိုင်း သန့်ရှင်းရေး<br>(အမျိုးအစား ၁ ခု) | တိုက်ရိုက် | •MHLW မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>•MHLW ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>•"အဆောက်အဦး သန့်ရှင်းရေးလုပ်ငန်း" (building cleaning business) (သို့) "အဆောက်အဦး သန့်ရှင်းရေး စီမံခန့်ခွဲမှုလုပ်ငန်း" (comprehensive building hygiene management business) အဖြစ် မှတ်ပုံတင်ပါ။ |
| စီးပွားရေး၊ ကုန်သွယ်ရေး နှင့် စက်မှုဝန်ကြီးဌာန | စက်အစိတ်အပိုင်းနှင့် စက်ကိရိယာလုပ်ငန်းများ (သတ္တုလုပ်ငန်း) | အယောက် ၂၁,၅၀၀ | ကုန်ထုတ်လုပ်မှုလုပ်ငန်း နယ်ပယ် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | •ပုံသွန်းခြင်း •စက်ရုံသတ္တုပြားအလုပ် •စက်ပစ္စည်းစစ်ဆေးခြင်း<br>•ပန်းပဲလုပ်ခြင်း •သတ္တုရည်စိမ်ခြင်း •စက်ပြုပြင်ထိန်းသိမ်းခြင်း<br>•ပုံသေပုံသွန်းခြင်း •အလူမီနီယံ anodizing •ဆေးသုတ်ခြင်း •စက်ပိုင်းဆိုင်ရာ<br>•ဂဟေဆော်ခြင်း •သတ္တုပုံသွင်းခြင်<br>•အချောကိုင်ခြင်း<br>(အမျိုးအစား ၁၃ ခု) | တိုက်ရိုက်/ ညွှန်ကြား | •METI မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>•METI ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။ |
| | စက်မှုစက်ရုံလုပ်ငန်း | အယောက် ၅,၂၅၀ | ကုန်ထုတ်လုပ်မှုလုပ်ငန်း နယ်ပယ် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | •ပုံသွန်းခြင်း •စက်ရုံသတ္တုပြားအလုပ် •အီလက်ထရောနစ်ပစ္စည်းများ တပ်ဆင်ခြင်း<br>•ပန်းပဲလုပ်ခြင်း •သတ္တုရည်စိမ်ခြင်း •လျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်း<br>•ပုံသေပုံသွန်းခြင်း •အချောကိုင်ခြင်း •ဆားကစ်ဘုတ်ပြားဆိုင်ရာထုတ်လုပ်ခြင်း<br>•စက်ပိုင်းဆိုင်ရာ •စက်ပစ္စည်းစစ်ဆေးခြင်း •ပလပ်စတစ်ပုံသွင်းခြင်း<br>•ဆေးသုတ်ခြင်း •စက်ပြုပြင်ထိန်းသိမ်းခြင်း •သတ္တုပုံသွင်းခြင်း<br>•သံထည်လုပ်ငန်း •စက်မှုပိုင်းဆိုင်ရာ ထုပ်ပိုးခြင်း •ဂဟေဆော်ခြင်း<br>(အမျိုးအစား ၁၈ ခု) | တိုက်ရိုက် | •METI မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>•METI ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။ |
| | လျှပ်စစ်၊ အီလက်ထရောနစ် နှင့် သတင်းအချက်အလက် လုပ်ငန်း | အယောက် ၄,၇၀၀ | ကုန်ထုတ်လုပ်မှုလုပ်ငန်း နယ်ပယ် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | •စက်ပိုင်းဆိုင်ရာ •စက်ပြုပြင်ထိန်းသိမ်းခြင်း •ဆေးသုတ်ခြင်း<br>•သတ္တုပုံသွင်းခြင်း •အီလက်ထရောနစ်ပစ္စည်းများ တပ်ဆင်ခြင်း •ဂဟေဆော်ခြင်း<br>•စက်ရုံသတ္တုပြားအလုပ် •လျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်း •စက်မှုပိုင်းဆိုင်ရာ ထုပ်ပိုးခြင်း<br>•သတ္တုရည်စိမ်ခြင်း •ဆားကစ်ဘုတ်ပြားဆိုင်ရာထုတ်လုပ်ခြင်း •အချောကိုင်ခြင်း<br>•ပလပ်စတစ်ပုံသွင်းခြင်း<br>(အမျိုးအစား ၁၃ ခု) | တိုက်ရိုက် | •METI မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>•METI ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။ |

# အလုပ်နယ်ပယ်အလိုက် မူဝါဒများ (နယ်ပယ် ၁၄ ခု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| မြေယာ၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန | ဆောက်လုပ်ရေးလုပ်ငန်း | အယောက် ၄၀,၀၀၀ | ဆောက်လုပ်ရေးလုပ်ငန်း နယ်ပယ် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာ စကားအတွက် ဂျပန်ဖောင်ဒေးရှင်း စာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・Formwork ဆောက်လုပ်ရေး<br>・မြေတူးခြင်း<br>・အတွင်း/အပြင်အချောကိုင်ခြင်း<br>・အချောကိုင်ခြင်း<br>・ခေါင်မိုးမိုးခြင်း<br>・ပန်ဖြင့်ကွန်ကရစ်ချပေးခြင်း<br>・ဆက်သွယ်ရေး<br>・ဥမင်လိုဏ်ခေါင်းနှင့်တူးဖော်ခြင်း<br>・အားဖြည့်သံချောင်းဆောက်လုပ်ရေး<br>・ဆောက်လုပ်ရေးစက်ဖြင့်ဆောက်လုပ်ခြင်းလုပ်ငန်း<br>・အားဖြည့်သံချောင်းတပ်ဆင်ခြင်း<br>・ငြမ်းဆင်ခြင်း<br>・လက်သမားအတတ်ပညာ<br>・ရေပိုက်လုပ်ငန်း<br>・အဆောက်အဦးသတ္တုပြားအလုပ်<br>・အပူထိန်းသိမ်းခြင်းနှင့် အအေးထိန်းသိမ်းခြင်းဆိုင်ရာ အလုပ်<br>・urethane insulation ကိုဖြန်းခြင်း<br>・ကမ်းလွန် မြို့ပြအင်ဂျင်နီယာ<br>(အမျိုးအစား ၁၈ ခု) | တိုက်ရိုက် | ・နိုင်ငံခြားသားများကို လက်ခံခြင်းအတွက် ဆောက်လုပ်ရေးကန်ထရိုက်တာ အဖွဲ့အစည်းထဲ ပိုင်ဆိုင်ခြင်း။<br>・MLIT ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・ဆောက်လုပ်ရေးလုပ်ငန်း အက်ဥပဒေအောက်တွင် စီးပွားရေးအသိအမှတ်ပြု လက်မှတ်ရခြင်း<br>・ဂျပန်လူမျိုးများနှင့် ညီမျှတဲ့ (သို့) ပိုများတဲ့ လစာကိုချမှတ်ဆိုတဲ့ စာချုပ် ပါဝင်ပြီး ကျွမ်းကျင်တတ်မြောက်မှု အပေါ် မူတည်ပြီး လစာပိုမိုမြင့်မားပေးနိုင်<br>・အလုပ်ခန့်ထားမှုစာချုပ်နှင့် ပတ်သက်တဲ့ အရေးကြီးသောကိစ္စရပ်များအား အင်တာဗျူးတွင် တစ်ဦးစီရဲ့ မိခင်ဘာသာစကားဖြင့် ရေးသားထားသော အကြောင်းအရာများကို ရှင်းပြနိုင်ရန်။<br>・လက်ခံတဲ့လူဦးရေ အရေအတွက်ကို ဆောက်လုပ်ရေးကုမ္ပဏီဌာနများက လက်ခံရန် သတ်မှတ်သည်။<br>・လစာနဲ့ပတ်သက်ပြီး MLIT မှအသိအမှတ်ပြုထားသော "ဆောက်လုပ်ရေးလုပ်ငန်း အထူးကျွမ်းကျင်တဲ့လုပ်သား လက်ခံမှု အစီအစဉ်" တွင် ဖော်ပြထားသည်။<br>・"ဆောက်လုပ်ရေးလုပ်ငန်း အထူးကျွမ်းကျင်တဲ့လုပ်သား လက်ခံမှု အစီအစဉ်" လက်မှတ်ရဲ့ အတည်ပြုချက် လက်ခံရရှိခြင်းကို MLIT မှ သေချာစွာစီစဉ်ပါသည်။<br>・ဆောက်လုပ်ရေးအလုပ်အကိုင် တိုးတက်မှုစနစ် ကို အထူးကျွမ်းကျင်တဲ့ နိုင်ငံခြားသားများအတွက် မှတ်ပုံတင်ထားသည်။ |
| | သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း | အယောက် ၁၃,၀၀၀ | သင်္ဘောဆောက်ခြင်းနှင့် ရေကြောင်းလုပ်ငန်း နယ်ပယ် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・ဂဟေဆော်ခြင်း ・အချောကိုင်ခြင်း<br>・ဆေးသုတ်ခြင်း ・စက်ပိုင်းဆိုင်ရာ<br>・သံထည်လုပ်ငန်း ・လျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်း<br>(အမျိုးအစား ၆ ခု) | တိုက်ရိုက် | ・MLIT မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MLIT ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・အထောက်အပံ့အစီအစဉ်များကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲပြောင်းတဲ့အခါ၊ အထက်ပါအခြေအနေများနှင့် ကိုက်ညီသော မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်ကြောင်းသေချာစေပါ။ |
| | ကားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း | အယောက် ၇,၀၀၀ | ကားပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း အထူးကျွမ်းကျင်တဲ့လုပ်သား အကဲဖြတ်စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・မော်တော်ယာဉ် ဖြုတ်ခြင်း၊ နေ့စဉ် စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ပုံမှန်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း<br>(အမျိုးအစား ၁ ခု) | တိုက်ရိုက် | ・MLIT မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MLIT ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・အထောက်အပံ့အစီအစဉ်များကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲပြောင်းတဲ့အခါ၊ အထက်ပါအခြေအနေများနှင့် ကိုက်ညီသော မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်ကြောင်းသေချာစေပါ။<br>・လမ်းယာဉ်အက်ဥပဒေ (Road Vehicles Act) အောက်တွင် စီးပွားရေးအသိအမှတ်ပြု လက်မှတ်ရခြင်း |
| | လေကြောင်းလုပ်ငန်း | အယောက် ၂,၂၀၀ | အထူးကျွမ်းကျင်တဲ့လုပ်သား အကဲဖြတ်စမ်းသပ်မှု (လေကြောင်းလုပ်ငန်း နယ်ပယ်- လေဆိပ်မြေပြင်ပိုင်းဆိုင်ရာ လုပ်ငန်း၊လေယာဉ်ပြုပြင်ထိန်းသိမ်းမှု) | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・လေဆိပ်မြေပြင်ပိုင်းဆိုင်ရာလုပ်ငန်း (မြေပြင်ပိုင်းတွင် လမ်းညွှန်ထောက်ပံ့မှုပိုင်းဆိုင်ရာ ဝန်ဆောင်မှု၊ ခရီးဆောင်အိတ်များနှင့် ကုန်တင်ကုန်ချလုပ်ငန်းများ<br>・လေယာဉ်ပြုပြင်ထိန်းသိမ်းမှု (လေယာဉ်နှင့် ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းခြင်း၊ စသည်ဖြင့်...)<br>(အမျိုးအစား ၂ ခု) | တိုက်ရိုက် | ・MLIT မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MLIT ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・အထောက်အပံ့အစီအစဉ်များကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲပြောင်းတဲ့အခါ၊ အထက်ပါအခြေအနေများနှင့် ကိုက်ညီသော မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်ကြောင်းသေချာစေပါ။<br>・လေဆိပ်စီမံခန့်ခွဲမှုစည်းမျဉ်းများ (သို့) လေကြောင်းအက်ဥပဒေအရ လေယာဉ်များပြုပြင်ထိန်းသိမ်းခြင်းအတွက် အသိအမှတ်ပြုထားတဲ့ လုပ်ငန်းခွင်လုပ်ငန်းခွင်ဆိုင်ရာလက်မှတ်နှင့် စီးပွားရေးလုပ်ငန်း။ |
| | ဟိုတယ်လုပ်ငန်း | အယောက် ၂၂,၀၀၀ | ဟိုတယ်လုပ်ငန်း ကျွမ်းကျင်ခြင်း အကဲဖြတ်စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကား အတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・နေရာထိုင်ခင်း ဝန်ဆောင်မှုများပေးခြင်း၊ ဥပမာ ဧည့်ကြိုကောင်တာ၊ စီစဉ်ခြင်းနှင့်ပြည်သူ့ဆက်ဆံရေး၊ ဧည့်ဝတ်ကျေပွန်ခြင်း နှင့် စားသောက်ဆိုင် ဝန်ဆောင်မှုများ ပါဝင်သည်။<br>(အမျိုးအစား ၁ ခု) | တိုက်ရိုက် | ・MLIT မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MLIT ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・အထောက်အပံ့အစီအစဉ်များကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲပြောင်းတဲ့အခါ၊ အထက်ပါအခြေအနေများနှင့် ကိုက်ညီသော မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်ကြောင်းသေချာစေပါ။<br>・ဖွင့်ဖို့ ခွင့်ပြုချက်ရထားသော "တည်းခိုခန်း / ဟိုတယ်"<br>・မသင့်တော်တဲ့ ဖျော်ဖြေရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ရောင်းချရေးတွင် အလုပ်မလုပ်ရ<br>・မသင့်တော်တဲ့ ဖျော်ဖြေရေးလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ရန် |

# အလုပ်နယ်ပယ်အလိုက် မူဝါဒများ (နယ်ပယ် ၁၄ ခု)

| | | | | | | | |
|---|---|---|---|---|---|---|---|
| စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန | စိုက်ပျိုးရေးလုပ်ငန်း | အယောက် ၃၆,၅၀၀ | စိုက်ပျိုးရေးလုပ်ငန်း ကျွမ်းကျင်ခြင်း အကဲဖြတ်စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကားအတွက် ဂျပန်ဖောင်ဒေးရှင်း စာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・အထွေထွေသီးနှံစိုက်ပျိုးရေး (စိုက်ပျိုးရေးထုတ်ကုန်များစီမံခန့်ခွဲခြင်း၊ စုဆောင်းခြင်း/ သယ်ယူပို့ဆောင်ခြင်း/ အမျိုးအစားခွဲခြင်း၊ စသည်ဖြင့်...)<br>・အထွေထွေမွေးမြူရေးလုပ်ငန်း (သားဖောက်ခြင်း၊ မွေးမြူရေးထုတ်ကုန်များ စုဆောင်းခြင်း/ သယ်ယူပို့ဆောင်ခြင်း/ အမျိုးအစားခွဲခြင်း၊ စသည်ဖြင့်...)<br>(အမျိုးအစား ၂ ခု) | တိုက်ရိုက် <u>ပေးပို့</u> | ・MAFF မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MAFF ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・အထောက်အပံ့အစီအစဉ်များကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲပြောင်းတဲ့အခါ၊ အထက်ပါအခြေအနေများနှင့် ကိုက်ညီသော မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်ကြောင်းသေချာစေပါ။<br>・စိုက်ပျိုးရေးစီမံခန့်ခွဲမှုအဖွဲ့အစည်းက အလုပ်သမားများအား အချိန်ကာလတစ်ခုထက်ပိုပြီး ခန့်အပ်ခြင်းအတွေ့အကြုံရှိသည်။ |
| | ရေလုပ်ငန်း | အယောက် ၉,၀၀၀ | ရေလုပ်ငန်း ကျွမ်းကျင်ခြင်း အကဲဖြတ်စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကားအတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・ ငါးလုပ်ငန်း (ငါးဖမ်းကိရိယာ ထုတ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း၊ ရေနေသတ္တဝါများနှင့် အပင်များကို ရှာဖွေခြင်း၊ ငါးဖမ်းကိရိယာနှင့် စက်များကို မောင်းနှင်ခြင်း၊ ရေနေသတ္တဝါများနှင့် အပင်များကို ဖမ်းဆီး/သိမ်းဆည်းခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် သိမ်းဆည်းခြင်း၊ ကျန်းမာရေးနှင့် လုံခြုံမှုကို သေချာစေခြင်း၊ စသည်ဖြင့်...)<br>・ ငါးမွေးမြူရေးလုပ်ငန်း (ငါးမွေးမြူရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊ မွေးမြူရေးစီမံခန့်ခွဲမှု၊ ရိတ်သိမ်းခြင်း (ဖမ်းဆီးခြင်း) နှင့် မွေးမြူထားသော ရေနေသတ္တဝါများနှင့် အပင်များကို ထုတ်လုပ်ခြင်း၊ ကျန်းမာရေးနှင့် လုံခြုံမှုကို သေချာစေခြင်း၊ စသည်ဖြင့်...)<br>(အမျိုးအစား ၂ ခု) | တိုက်ရိုက် <u>ပေးပို့</u> | ・MAFF မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MAFF ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・MAFF မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ညှိနှိုင်းပြီးသား ဆောင်ရွက်မှုများကို လုပ်ဆောင်ပါ။<br>・အထောက်အပံ့အစီအစဉ်များကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲပြောင်းတဲ့အခါ၊ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသည် အလုပ်နယ်ပယ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိစေရန်။ |
| | စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း | အယောက် ၃၄,၀၀၀ | စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်း အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကားအတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・စားသောက်ကုန်များထုတ်လုပ်ခြင်း (အစားအစာနှင့် အဖျော်ယမကာ လုပ်ဆောင်ခြင်း/ထုတ်လုပ်ခြင်း နှင့် ကျန်းမာရေးနှင့်ညီညွတ်တဲ့ စားသောက်ကုန်များ ထုတ်လုပ်ခြင်း (အရက်မပါ))<br>(အမျိုးအစား ၁ ခု) | တိုက်ရိုက် | ・MAFF မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MAFF ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။ |
| | အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း | အယောက် ၅၃,၀၀၀ | အစားအသောက် ဝန်ဆောင်မှုလုပ်ငန်း အထူးကျွမ်းကျင်တဲ့လုပ်သား (၁) စမ်းသပ်မှု | အခြေခံဂျပန်ဘာသာစကားအတွက် ဂျပန်ဖောင်ဒေးရှင်းစာမေးပွဲ (သို့) ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 (သို့) အဲ့ဒီ ၂ခုထက် ပိုမြင့်သော | ・အထွေထွေစားသောက်ဆိုင်လုပ်ငန်း (စားသောက်ကုန်ထုတ်လုပ်ခြင်း၊ ဖောက်သည်ဝန်ဆောင်မှု၊ စတိုးဆိုင်စီမံခန့်ခွဲမှု)<br>(အမျိုးအစား ၁ ခု) | တိုက်ရိုက် | ・MAFF မှစီစဉ်တဲ့ ကောင်စီအဖွဲ့တွင် ပါဝင်ပြီး လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်မပေးပါ။<br>・MAFF ရဲ့စစ်တမ်းများ (သို့) လမ်းညွှန်ချက်များကို တုံ့ပြန်ဖို့ လိုအပ်တဲ့အခါတိုင်း ပူးပေါင်းဆောင်ရွက်ပေးပါ။<br>・မသင့်တော်တဲ့ ဖျော်ဖြေရေးလုပ်ငန်းများနှင့် သက်ဆိုင်သော ရောင်းချရေးတွင် အလုပ်မလုပ်ရ<br>・မသင့်တော်တဲ့ ဖျော်ဖြေရေးလုပ်ငန်းများနှင့် တိုက်ရိုက်ထိတွေ့ခြင်းကို ရှောင်ရန် |

မှတ်ချက်- လုပ်ငန်းနယ်ပယ် ၁၄ ခုအတွက် စုစုပေါင်းလက်ခံမယ့်အရေအတွက် (အများဆုံးသတ်မှတ်ချက် ၅ နှစ် အထက်)- ၃၄၅,၁၅၀

# နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း နှင့် အထူးကျွမ်းကျင်တဲ့လုပ်သားများ နှိုင်းယှဉ်ခြင်းစနစ် (အောက်လိုင်း)



| | နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (အုပ်စုလိုက်ကြီးကြပ်ခြင်း) | အထူးကျွမ်းကျင်တဲ့လုပ်သား (၁) |
|---|---|---|
| **သက်ဆိုင်သောဥပဒေများ နှင့်စည်းမျဉ်းများ** | နိုင်ငံခြားသားများရဲ့နည်းပညာဆိုင်ရာ အလုပ်သင်ကို သင့်တော်စွာ အကောင်အထည်ဖော်ခြင်း အပေါ်ဆောင်ရွက်ရန်နှင့် နည်းပညာဆိုင်ရာ အလုပ်သင်သားများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြုမှုအက်ဥပဒေကို ကာကွယ်စောင့်ရှောက်ခြင်း | လူဝင်မှုကြီးကြပ်ရေး နှင့် ဒုက္ခသည်အသိအမှတ်ပြုမှုအက်ဥပဒေ |
| **နေထိုင်ခွင့်အခြေအနေ** | နေထိုင်ခွင့်အခြေအနေ- "နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း" | နေထိုင်ခွင့်အခြေအနေ- "အထူးကျွမ်းကျင်တဲ့လုပ်သား" |
| **နေထိုင်ခွင့်သက်တမ်း** | နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း(၁)- ၁ နှစ်အထိ၊ နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း(၂)- ၂ နှစ်အထိ၊ နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း(၃)- ၂ နှစ်အထိ (စုစုပေါင်း ၅ နှစ်အထိ) | ၅ နှစ်အထိ |
| **နိုင်ငံခြားသား ကျွမ်းကျင်မှုအဆင့်** | မရှိ | ဗဟုသုတနှင့် ကျွမ်းကျင်မှုအတွေ့အကြုံလိုအပ် |
| **ဝင်ခွင့်စာမေးပွဲ** | မရှိ (သူနာပြုအလုပ်အကိုင်များအတွက် ဝင်ရောက်မှုသာ ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ N4 လိုအပ်သည်) | ဂျပန်ဘာသာစကားနှင့် ကျွမ်းကျင်မှုအဆင့်ကို စာမေးပွဲများအားဖြင့် အတည်ပြုသည်။ (နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) စာမေးပွဲ အောင်မြင်ပြီးဆုံးသူများ စာမေးပွဲ ကင်းလွတ်ခွင့်ရှိ၊ စသည်ဖြင့်) |
| **ကိုယ်စားလှယ်တင်သွင်းခြင်း** | နိုင်ငံခြားအစိုးရရဲ့ထောက်ခံချက် (သို့) အသိအမှတ်ပြုအဖွဲ့အစည်း | မရှိ |
| **ကြီးကြပ်ကွပ်ကဲတဲ့အဖွဲ့အစည်း** | ရှိ<br>(အကျိုးအမြတ်မယူတဲ့ စီးပွားရေးသမဝါယမများက သင်တန်းသားများကို စစ်ဆေးပြီး အခြားကြီးကြပ်မှုများကို ပြုလုပ်သည်။ အရည်အချင်းစစ်ဝန်ကြီးမှ ခွင့်ပြုချက်ပေးသည်) | မရှိ |
| **ပံ့ပိုးမှုအဖွဲ့အစည်း** | မရှိ | ရှိ (တစ်ဦးချင်း (သို့) အဖွဲ့အစည်းများသည် နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ ပေးအပ်ထားသည့်အတိုင်း အိမ်ယာနှင့်ထောက်ပံ့မှုကို ပေးနိုင်သည်။ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီမှ မှတ်ပုံတင်ခြင်း) |
| **နိုင်ငံခြားသားများကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့ အစည်းများနှင့် ကိုက်ညီခြင်း** | များသောအားဖြင့် ကြီးကြပ်ကွပ်ကဲတဲ့အဖွဲ့အစည်းနှင့် ကိုယ်စားလှယ်တင်သွင်းခြင်းမှ တစ်ဆင့်ပြုလုပ်သည်။ | အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများက နိုင်ငံရပ်ခြားတွင် တိုက်ရိုက်စုဆောင်းခြင်းလုပ်ငန်းများကို လုပ်ဆောင်သလို (သို့) ဂျပန်နှင့်ပြည်ပရှိ ကိုယ်စားလှယ်များမှလည်း တစ်ဆင့်ဆောင်ရွက်လုပ်ဆောင်သည်။ |
| **အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်းရှိလူဦးရေ** | အချိန်ပြည့်ဝန်ထမ်း စုစုပေါင်းအပေါ် အခြေခံပြီး ကန့်သတ်ထား | ခွဲတမ်းမရှိပါ (သူနာပြုစောင့်ရှောက်မှုလုပ်ငန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းမှအပ) |
| **လုပ်ဆောင်မှုအသေးစိတ်** | လေ့ကျင့်မှုခံယူခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း အစီအစဉ် (၁) ကို အခြေခံ၍ ကျွမ်းကျင်မှုနှင့်သက်ဆိုင်တဲ့ လုပ်ဆောင်မှုများတွင် ပါဝင်ခြင်း<br>နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း အစီအစဉ် (၂၊ ၃)ကို အခြေခံ၍ ကျွမ်းကျင်မှုလိုအပ်သော လုပ်ဆောင်မှုများတွင် ပါဝင်ပါ။<br>(အထူးပြုမဟုတ်သော / နည်းပညာနယ်ပယ်က မဟုတ်သော) | ဗဟုသုတ(သို့) အတွေ့အကြုံလိုအပ်ကြောင်း ကျွမ်းကျင်မှုနှင့်အတူ အလုပ်နဲ့ပတ်သက်တဲ့လုပ်ဆောင်မှုများ (အထူးပြုနှင့် နည်းပညာနယ်ပယ်များ) |
| **အလုပ်ပြောင်းခြင်း / ပြောင်းလဲခြင်း** | အခြေခံမှုအရတော့ မဖြစ်နိုင်ဘူး။ အကောင်အထည်ဖော်သည့်အဖွဲ့အစည်းရဲ့ ဒေဝါလီခံခြင်းကို ရှောင်လွဲလို့ မရတဲ့အတွက် အဲ့ဒီအချိန်မှ (၂) ကနေ (၃) ကို ပြောင်းရွှေ့ခြင်း ပြုလုပ်နိုင်သည်။ | တူညီတဲ့စီးပွားရေးဌာနအတွင်း ပြောင်းလဲနိုင်သည်၊ (သို့) အလုပ်အသစ်က ယခင်အလုပ်နှင့်တူညီလျှင် ကျွမ်းကျင်မှုအဆင့်လိုအပ်ပြီး စာမေးပွဲအားဖြင့် အတည်ပြု ပြောင်းလဲနိုင်သည်။ |

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း

### ၁ နိုင်ငံခြားသားများကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းအား လက်ခံရန်အတွက် သတ်မှတ်ချက်များ

(၁) နိုင်ငံခြားသားများနှင့် အလုပ်ခန့်ထားသည့်စာချုပ်ဟာ သင့်တင့်မှန်ကန်ပါသည် (ဥပမာ၊ ရရှိမယ့် လစာဟာ ဂျပန်လူမျိုးရတဲ့ လုပ်အားခနှင့် ညီမျှနိုင် (သို့) ထိုထက်လည်း ပိုများနိုင်သည်)

(၂) ဒီအဖွဲ့အစည်း ကိုယ်နှိုက်ကလည်း သင့်တင့်မှန်ကန်ပါသည် (ဥပမာ၊ လွန်ခဲ့တဲ့ ၅ နှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဥပဒေများကို ချိုးဖောက်ခဲ့ခြင်း မရှိပါ)

(၃) နိုင်ငံခြားသားများကို ထောက်ပံ့ရန် စနစ်လည်းရှိသည် (ဥပမာ၊ နိုင်ငံခြားသားများ နားလည်နိုင်သော ဘာသာစကားဖြင့် ပံ့ပိုးမှု ပေးနိုင်သည်)

(၄) နိုင်ငံခြားသားများကို ထောက်ပံ့ရန် အစီအစဉ်များသည်လည်း သင့်လျော်သည် (ဥပမာ - ဘဝလမ်းညွှန်မှု စသည်တို့ ပါဝင်သည်။ )

### ၂ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့တာဝန်များ

(၁) နိုင်ငံခြားသားများနှင့် အလုပ်ခန့်ထားသည့် စာချုပ်များ ပြည့်စုံကြောင်း သေချာပါစေ (ဥပမာ၊ လုပ်အားခကို ပုံမှန်ပေးသည်)

(၂) နိုင်ငံခြားသားများကို စနစ်တကျ ထောက်ပံ့ပေးသည်

→ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်း သို့အထောက်အပံ့ပေးနိုင်သည်။
ပြင်ပမှလွှဲအပ်လျှင်၊ အပိုင်း ၁ ရဲ့(နံပါတ် ၃) ကိုလက်ခံပါသည်။

(၃) လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီသို့ အမျိုးမျိုးသော အသိပေးချက်များ ပြုလုပ်ပါ။

မှတ်ချက်-(၁) မှ (၃) ကို လျစ်လျူရှုပါကနိုင်ငံခြားသားများကို လက်မခံနိုင်ပါ၊ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီမှ လမ်းညွှန်ချက် (သို့) တိုးတက်ဖို့လိုတဲ့အမိန့်ကိုလည်း ရရှိမည် ဖြစ်ပါသည်။

## မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်း

### ၁ မှတ်ပုံတင်ခြင်းအတွက်လိုအပ်ချက်များ

(၁) ဒီအဖွဲ့အစည်း ကိုယ်နှိုက်ကလည်း သင့်တင့်မှန်ကန်ပါသည် (ဥပမာ၊ လွန်ခဲ့တဲ့ ၅ နှစ်အတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဥပဒေများကို ချိုးဖောက်ခဲ့ခြင်း မရှိပါ)


(၂) နိုင်ငံခြားသားများကို ထောက်ပံ့ရန် စနစ်လည်းရှိသည် (ဥပမာ၊ နိုင်ငံခြားသားများ နားလည်နိုင်သော ဘာသာစကားဖြင့် ပံ့ပိုးမှု ပေးနိုင်သည်)

### ၂ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းရဲ့တာဝန်များ

(၁) နိုင်ငံခြားသားများအတွက် သင့်လျော်သော အထောက်အပံ့များပေးသည်

(၂) အမျိုးမျိုးသော အသိပေးချက်များ လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုအေဂျင်စီမှ ပြုလုပ်ပေးမည်။

မှတ်ချက်- သက်ဆိုင်ရာတာဝန် (၁) နှင့် (၂) ကိုလျစ်လျူရှုပါက မှတ်ပုံတင်ခြင်းကို ပယ်ဖျက်နိုင်သည်။



# ဖွဲ့စည်းပုံစနစ်အောက်လိုင်း (၃) အလုပ်မစတင်မီအရေးကြီးတဲ့လုပ်ငန်းစဉ်များ



## ပြည်ပမှ ဂျပန်နိုင်ငံသို့ ရောက်လာသော နိုင်ငံခြားသားများ

- နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) အောင်မြင်ပြီးဆုံးထားတဲ့ နိုင်ငံခြားသားများ
  → စာမေးပွဲမှကင်းလွတ်ခွင့်ရှိ (ကျွမ်းကျင်မှု/ဂျပန်စာ)
- အခုမှဂျပန်နိုင်ငံသို့ရောက်ရှိလာတဲ့ နိုင်ငံခြားသားများ
  → နိုင်ငံခြားစာမေးပွဲအောင်မြင်ပြီး (ကျွမ်းကျင်မှု/ဂျပန်စာ)

→ အလုပ်များကိုတိုက်ရိုက်လျှောက်ထားပါ (သို့) ပုဂ္ဂလိကအလုပ်အကိုင် အေဂျင်စီများထံမှ အလုပ်ရှာဖွေမှုတွင် အကူအညီရယူပါ

<ကျွမ်းကျင်မှုစာမေးပွဲ>
・သတ်မှတ်ထားတဲ့လုပ်ငန်းနယ်ပယ် အပေါ်အခြေခံတဲ့ စာမေးပွဲ
<ဂျပန်ဘာသာစကားစာမေးပွဲ>
・အခြေခံဂျပန်ဘာသာ စကားအတွက် ဂျပန်ဖောင်ဒေးရှင်း စာမေးပွဲ
(ဂျပန်ဖောင်ဒေးရှင်း)
(သို့)
・ဂျပန်ဘာသာစကား ကျွမ်းကျင်မှုစာမေးပွဲ
(N4 (သို့) ပိုမြင့်သော)
(ဂျပန်ဖောင်ဒေးရှင်း၊ ဂျပန်
ပညာရေးဆိုင်ရာဖလှယ်မှုနှင့် ဝန်ဆောင်မှုများ) စသည်ဖြင့်



## ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများ (အလယ်အလတ်နှင့် ရေရှည်နေထိုင်သူများ)

- နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) အောင်မြင်ပြီးဆုံးထားတဲ့ နိုင်ငံခြားသားများ
  → စာမေးပွဲမှကင်းလွတ်ခွင့်ရှိ (ကျွမ်းကျင်မှု/ဂျပန်စာ)
- နိုင်ငံခြားသား ကျောင်းသားများ စသည်ဖြင့်
  → စာမေးပွဲအောင်မြင်ပြီး (ကျွမ်းကျင်မှု/ဂျပန်စာ)

→ အလုပ်များကိုတိုက်ရိုက်လျှောက်ထားပါ (သို့) ပုဂ္ဂလိကအလုပ်အကိုင် အေဂျင်စီများ (သို့) Hello Work တို့ထံမှ အလုပ်ရှာဖွေမှုတွင် အကူအညီရယူပါ

## [အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းနှင့် အလုပ်ခန့်အပ်မှုစာချုပ် ချုပ်ဆိုခြင်း]
အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ လုပ်ဆောင်တဲ့ အကြိုထွက်ခွာခြင်းလမ်းညွှန်မှု နှင့် ကျန်းမာရေးစစ်ဆေးမှု

**(ပြည်ပမှ)**

နေထိုင်ခွင့် အရည်အချင်းပြည့်မီကြောင်းလက်မှတ်အတွက် လျှောက်လွှာ


*အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ ဝန်ထမ်းမှတစ်ဆင့် ကိုယ်စားလျှောက်ထားခြင်း

**(ဂျပန်နိုင်ငံအတွင်း)**

နေထိုင်ခွင့်အခြေအနေကို ပြောင်းလဲရန်လျှောက်လွှာ

*အခြေခံအားဖြင့် ကိုယ်တိုင် လျှောက်ထားရမည်။

## ဒေသလူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုဗျူရို



**(ပြည်ပမှ)**

ဆုံးဖြတ်ချက်
- နေထိုင်ခွင့် အရည်အချင်းပြည့်မီကြောင်းလက်မှတ် ထုတ်ပေးခြင်း
- အရည်အချင်းပြည့်မီကြောင်းလက်မှတ် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းသို့ပို့ပေးခြင်း

**(ဂျပန်နိုင်ငံအတွင်း)**

ဆုံးဖြတ်ချက်
- နေထိုင်ခွင့်အခြေအနေကို ပြောင်းလဲရန်ခွင့်ပြုချက်
- နေထိုင်ခွင့်လက်မှတ်ကဒ်ထုတ်ပေးခြင်း

→ ဗီဇာလျှောက်လွှာ

*အရည်အချင်းပြည့်မီကြောင်းလက်မှတ်ကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းက ပြည်ပသံရုံးကို ပေးပို့သည်။

## ပြည်ပသံရုံး

ဆုံးဖြတ်ချက်
- ဗီဇာထုတ်ပေးခြင်း

→ ဂျပန်ပြည်ကိုဝင်ရောက်

နေထိုင်ခွင့်လက်မှတ်ကဒ်ထုတ်ပေးသည်
* နောက်မှထုတ်လည်းထုတ် ပေးနိုင်သည်

[ဂျပန်နိုင်ငံသို့ ဝင်ရောက်ပြီးနောက် (သို့မဟုတ် နေထိုင်ခွင့်အခြေအနေပြောင်းလဲပြီးနောက်) တွင် နှောင့်နှေးခြင်းမရှိဘဲ အကောင်အထည်ဖော်ရမည့်အရာ]
○အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ ဆောင်ရွက်တဲ့ ဂျပန်နိုင်ငံရဲ့ နေစဉ်ဘဝသင်တန်းကို တက်ရောက်ရန်
○နေထိုင်တဲ့ ဒေသမြို့နယ်အလိုက် နေထိုင်သူစာရင်းသွင်းရန်
○လစာအတွက် ဘဏ်အကောင့် ဖွင့်ရန်
○လုံခြုံတဲ့ နေအိမ်ရှိရန်၊ စသည်ဖြင့်

နိုင်ငံခြားသားများအတွက် လိုအပ်ချက်များ
○၁၈ နှစ်နှင့်အထက်
○ကျွမ်းကျင်မှုစာမေးပွဲနှင့် ဂျပန်ဘာသာစကားစာမေးပွဲတို့ကို အောင်မြင်ထားသူ
(နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) ကို အောင်မြင်ပြီးဆုံးထားတဲ့ နိုင်ငံခြားသားများ ကင်းလွတ်သည်)
○ဂျပန်နိုင်ငံတွင် အထူးကျွမ်းကျင်တဲ့လုပ်သား (၁) အောက် ၅ နှစ်ကျော် နေထိုင်ခဲ့ခြင်းမရှိရ
○ (Security deposit) ပေးဆောင်ထားခြင်း မရှိတဲ့သူ (သို့) ပြစ်ဒဏ်အတွက်စာချုပ်တွင် လက်မှတ်ထိုးထားခြင်းမရှိသူ။
○ကိုယ်ပိုင် ကုန်ကျစရိတ်များရှိပါက အသေးစိတ် အချက်အလက်ကို အပြည့်အဝနားလည်သူ စသည်ဖြင့်

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းတွင် စတင်လုပ်ဆောင်ခြင်း

# အထောက်အပံ့အစီအစဉ် အောက်လိုင်း (၁)



## အဓိကအချက်

○ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများအနေဖြင့် (အထူးကျွမ်းကျင်တဲ့လုပ်သား (၁) ရှိနိုင်ငံခြားသားများအတွက် အထောက်အပံ့အစီအစဉ်၊ နောင်ပိုင်း "အထောက်အပံ့အစီအစဉ်" အားဖြင့်ဖော်ပြထား) လုပ်ငန်းခွင်အတွင်း တည်ငြိမ်မှုနှင့် အဆင်ပြေ ချောမွေ့ရန် အကောင်အထည်ဖော်မှု၊ အထူးကျွမ်းကျင်တဲ့လုပ်သား (၁) နိုင်ငံခြားသားများအတွက် နေ့စဉ်ဘဝနှင့် လူမှုရေးဘဝ ထောက်ပံ့မှု၊ သူတို့ရဲ့လုပ်ဆောင်မှုများတွင် ပါဝင်သောအစီအစဉ်များကို ရေးဆွဲရမည်။ ဒီအစီအစဉ်ကို အခြေခံ၍ ထောက်ပံ့မှုကိုလည်းပေးရပါမည်။

*အထူးကျွမ်းကျင်တဲ့လုပ်သား (၂)များကို ထောက်ပံ့ရန် တာဝန်မရှိပါ။

## ■ အထောက်အပံ့အစီအစဉ် ရေးဆွဲခြင်း

- နေထိုင်ခွင့်အတွက် လျှောက်ထားသည့်အခါ(*) အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများသည် အထောက်အပံ့အစီအစဉ်ကို ရေးဆွဲပြီး လျှောက်လွှာတင်သည့် အချိန်တွင် လျှောက်လွှာစာရွက်စာတမ်းများနှင့် အတူတင်ပြရမည်။

*အထူးကျွမ်းကျင်တဲ့လုပ်သား (၁)အတွက် နေထိုင်ခွင့် အရည်အချင်းပြည့်မီကြောင်းလက်မှတ်အတွက် လျှောက်လွှာနှင့် နေထိုင်ခွင့်အခြေအနေကို ပြောင်းလဲရန်လျှောက်လွှာ၊ စသည်ဖြင့်

## ■ အထောက်အပံ့အစီအစဉ်ရဲ့ အဓိကလိုအပ်ချက်များ

- ဝန်ကြီးဌာနရဲ့ အမိန့်အရ သတ်မှတ်ထားတဲ့အတိုင်း လုပ်ငန်းခွင်၊ နေ့စဉ်ဘဝနှင့် လူမှုရေးတို့အတွက် လိုအပ်သောနည်းလမ်း ၁၀ ခု (စာမျက်နှာ ၁၄ တွင်ကြည့်ပါ) အတွက် အကောင်အထည်ဖော်မှု အသေးစိတ်များ
- လက်ထောက်မန်နေဂျာနှင့် ထောက်ပံ့ပေးသူရဲ့ အမည်နှင့် ရာထူး
- ထောက်ပံ့ခြင်း အကောင်အထည်ဖော်မှုကို အခြားပါတီတစ်ခုနှင့် စာချုပ်ချုပ်ဆိုသောအခါ အဲဒီပါတီရဲ့ အမည်နှင့်လိပ်စာ
- မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်း (မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်မှသာ)

## ■ ပြင်ပအထောက်အပံ့အစီအစဉ်ကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းများသို့ အကောင်အထည်ဖော်ခြင်း

- အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများက အထောက်အပံ့အစီအစဉ်ရဲ့ အားလုံး (သို့) အချို့ကို အခြားပါတီတစ်ခုသို့ လွှဲအပ်နိုင်သည် (ပြင်ပအထောက်အပံ့ပေးအပ်သည့် စာချုပ်ချုပ်ဆိုခြင်း အဆုံးသတ်ခြင်း)။
- အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းက အထောက်အပံ့အစီအစဉ်ရဲ့ အကောင်အထည်ဖော်မှု အားလုံးကို မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့ လွှဲအပ်လျှင် (စာမျက်နှာ ၁၅ တွင်ကြည့်ပါ) သူတို့သည် နိုင်ငံခြားသားများအား အထောက်အပံ့ပေးမည့် စနစ်ရှိသည် ဟုမှတ်ယူရမည်။
- ပြင်ပအထောက်အပံ့များရရှိတဲ့ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းများသည် အထောက်အပံ့ရဲ့ အကောင်အထည်ဖော်မှုကို ထပ်မံ၍ ဖြည့်တင်းပေးနိုင်မည် မဟုတ်ပါ (အထောက်အပံ့ လုပ်ဆောင်မှုများကို အကောင်အထည်ဖော်ခြင်းအားဖြင့် အထောက်အပံ့ပေးသည့် အတိုင်းအတာဖြင့် စကားပြန်များကို စသည်ဖြင့် အသုံးပြုပါလိမ့်မည်)။

# အထောက်အပံ့အစီအစဉ် အောက်လိုင်း (၂)

出入国在留管理庁
ဂျပန်လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီ

**(၁) ကြိုတင်လမ်းညွှန်ချက်များ စီစဉ်ပေးခြင်း**

・လူကိုယ်တိုင်ဖြစ်စေ (သို့) ဗီဒီယိုခေါ်ဆိုမှုနဲ့ဖြစ်စေ လုပ်ငန်းခွင်အခြေအနေများ၊ လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများနှင့် (security deposit) ငွေစုဆောင်းတည်ရှိရေး စသည်ဖြင့်တို့ကို အလုပ်ခန့်ထားမှုစာချုပ်များ လက်မှတ်ထိုးပြီးနောက် အရည်အချင်းပြည့်မီကြောင်းလက်မှတ် လျှောက်ထားခြင်း (သို့) နေထိုင်ခွင့်အခြေအနေကို ပြောင်းလဲရန်ခွင့်ပြုချက် တောင်းခံခြင်း မပြုမီ ၎င်းတို့ကို ရှင်းပြမည်။







**(၂) ဂျပန်ပြည်သို့ဝင်ရောက်ချိန်နှင့် ထွက်ခွာချိန်တွင် ကြို/ပို့ လုပ်ပေးခြင်း**

・ရောက်ရှိလာတဲ့အခါ လေဆိပ်နှင့် ရုံး(သို့) နေအိမ်အကြား ကြို/ပို့ လုပ်ပေးခြင်း

・ ပြန်သွားတဲ့အခါ လေဆိပ်ရှိ လုံခြုံရေးစစ်ဆေးရေးဂိတ်များအထိ အတူလိုက်ပါလာပြီး ကြို/ပို့ လုပ်ပေးခြင်း





**(၃) လုံခြုံသောအိမ်ရာ/နေထိုင်ရန် လိုအပ်သော စာချုပ်များနှင့်အထောက်အပံ့**

・ ပူးတွဲအာမခံအဖြစ်အမှုဆောင်ခြင်း၊ ကုမ္ပဏီအိမ်ရာ စီစဉ်ပေးခြင်း

・ဘဏ်စာရင်းဖွင့်ခြင်း၊ ဆက်သွယ်ရေးနှင့် မိုဘိုင်းဖုန်းစာချုပ်များ စသည်တို့ကိုလမ်းညွှန်မှုပေးခြင်း











**(၄) ပတ်ဝန်းကျင်နှင့် နေသားကျအောင် စီစဉ်ပေးခြင်း**

・ဂျပန်နိုင်ငံရဲ့စည်းမျဉ်းများနှင့် အမူအကျင့်များ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများကို ဘယ်သို့အသုံးပြုရမည်၊ ဆက်သွယ်ရန်အချက်အလက်နှင့် လူမှုရေးဘဝကို ချောမွေ့စေရန်၊ သဘာဝဘေးအန္တရာယ်များကို ဘယ်လိုတုံ့ပြန်ရမည်ကို ရှင်းလင်းတင်ပြခြင်း။







**(၅) တရားဝင် လုပ်ထုံးလုပ်နည်းများအတွက် အတူလိုက်ပါ လုပ်ဆောင်ပေးခြင်း**

・ နေထိုင်ခွင့်အတွက် မှတ်ပုံတင်ခြင်း၊ (social security) နှင့်အခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ စသည်ဖြင့်နှင့် စာရွက်စာတမ်းပြင်ဆင်မှုအတွက် အကူအညီများကို လိုအပ်ပါက အတူလိုက်ပါ လုပ်ဆောင်ပေးမည်။







**(၆) ဂျပန်စာလေ့လာရန်အခွင့်အလမ်း စီစဉ်ပေးခြင်း**

・ဂျပန်ဘာသာစကားသင်တန်းများအတွက် ကျောင်းအပ်ရန်ဖို့လိုတဲ့ သတင်းအချက်အလက်များပေးခြင်းနှင့် ဂျပန်ဘာသာစကား သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်၍ သတင်းအချက်အလက် ပေးခြင်း စသည်ဖြင့်







**(၇) မေးခွန်းများနှင့် တိုင်ကြားချက်များကို တုံ့ပြန်ပေးခြင်း**

・လေးစားမှုနှင့်အတူ အလုပ်နှင့်ဘဝအကြောင်းကို တိုင်ပင်ခြင်းနှင့် တိုင်ကြားနိုင်ခြင်း၊ နိုင်ငံခြားသား နားလည်နိုင်သည့် ဘာသာစကားဖြင့် လိုအပ်သော လမ်းညွှန်မှုနှင့် အကြံဉာဏ်များပေးခြင်း



**(၈) ဂျပန်လူမျိုးများနှင့် လဲလှယ်ရေးအစီအစဉ်ကို မြှင့်တင်ပါ**

・ရပ်ကွက်အသင်းအဖွဲ့များ၊ ဒေသခံပွဲတော်များစသည်တို့ကို ဒေသခံများနှင့် လဲလှယ်မှုများတွင် ပါဝင်ရန် လမ်းညွှန်မှုပေးခြင်းနှင့် ကူညီပေးခြင်း စသည်ဖြင့်







**(၉) အလုပ်ပြောင်းလဲမှုကို ပံ့ပိုးခြင်း (ဝန်ထမ်းလျှော့ချတဲ့အခါတွင် စသည်ဖြင့်)**

・အကယ်၍ လက်ခံသူဘက်မှ သူတို့ရဲ့အခြေအနေများကြောင့် အလုပ်ခန့်ထားမှုစာချုပ်ကို ဖျက်သိမ်းလျှင် အလုပ်ရှာရန်ကူညီပေးခြင်း၊ ထောက်ခံစာပြင်ဆင်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်းနှင့် လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် အခကြေးငွေပေးဆောင်ခြင်း စသည်ဖြင့်။




**(၁၀) ပုံမှန်တွေ့ဆုံမေးမြန်းခြင်းနှင့် အုပ်ချုပ်ရေးအေဂျင်စီများအားအစီရင်ခံခြင်း**

・ တာဝန်ရှိသူသည် နိုင်ငံခြားသား (သို့) သူ၎င်းနှင့် (အနည်းဆုံး သုံးလတစ်ကြိမ်) ပုံမှန်တွေ့ဆုံလေ့ရှိပြီး အလုပ်သမား စံသတ်မှတ်ချက် အက်ဥပဒေ ချိုးဖောက်မှုမှန်သမျှကို အစီရင်ခံတင်ပြခြင်း (သို့) သတင်းပေးပို့နိုင်ခြင်း။



# မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းဆိုတာ ဘာလဲ?






## မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းဆိုတာ ဘာလဲ?

- မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းများသည် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများနှင့် ပြင်ပစာချုပ်များချုပ်ဆိုခြင်းတွင် ပါဝင်တဲ့ အထောက်အပံ့အစီအစဉ်များအပေါ် မူတည်၍ ပံ့ပိုးမှုအားလုံးကို ထောက်ပံ့ပေးခြင်း
- မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းဖြစ်ရန် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီရဲ့ ကော်မရှင်အဖွဲ့ဝင်နှင့် မှတ်ပုံတင်ရန်လိုအပ်ခြင်း
- စာရင်းသွင်းထားသော အဖွဲ့အစည်းများသည် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီရဲ့ ဝဘ်ဆိုဒ်တွင် တင်ထားသော မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းတွင် ဝင်ရောက်၍ စာရင်းပေးသွင်းရဦးမည် ဖြစ်ခြင်း
- မှတ်ပုံတင်ခြင်းသည် ၅ နှစ်ဖြစ်ပြီး ထပ်မံသက်တမ်းတိုးနိုင်ခြင်း
- စာရင်းသွင်းရန်လျှောက်လွှာကြေးပေးဆောင်ရခြင်း (မှတ်ပုံတင်ခြင်းအတွက် - ၂၈,၄၀၀ ယန်း; သက်တမ်းတိုးခြင်းအတွက် - ၁၁,၁၀၀ ယန်း)
- မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းများသည် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီရဲ့ ကော်မရှင်အဖွဲ့ဝင်သို့ ပုံမှန်နှင့် လိုအပ်သလို အကြောင်းကြားမှုများ ပြုလုပ်ရမည် ဖြစ်ခြင်းကို ဆိုလိုပါသည်။

## အဓိကအချက်များ

○ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းနှင့် မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းများသည် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီရဲ့ကော်မရှင်အဖွဲ့ဝင်သို့ ပုံမှန်အကြောင်းကြားမှုများ ပြုလုပ်ရမည်။

○ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ အကြောင်းကြားရန်ပျက်ကွက်ခြင်း (သို့) မှားယွင်းသော အစီရင်ခံစာများ တင်ပြလျှင် ပြစ်ဒဏ်ခံရနိုင်သည်။

### ■ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ အသိပေးချက်များ *ချိုးဖောက်မှုများအတွက် လမ်းညွှန်မှုနှင့်ပြစ်ဒဏ်များအကြောင်း

[လိုအပ်သောအသိပေးချက်များမှာ]

- အထူးကျွမ်းကျင်တဲ့လုပ်သား အလုပ်ခန့်ထားမှုစာချုပ်များ ပြောင်းလဲခြင်း၊ စာချုပ်သက်တမ်းကုန်ဆုံးခြင်းနှင့် စာချုပ်အသစ် ချုပ်ဆိုခြင်းများကို အသိပေးခြင်း
- အထောက်အပံ့အစီအစဉ်ပြောင်းလဲတဲ့အခါ အသိပေးခြင်း
- ပြင်ပပံ့ပိုးမှုစာချုပ်ပြီးဆုံးတဲ့အခါ၊ စာချုပ်ရဲ့ပြောင်းလဲမှု (သို့) မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းနှင့်အတူ စာချုပ်ရပ်စဲတဲ့အခါ အသိပေးခြင်း
- နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားကို လက်ခံရန် အခက်အခဲရှိကြောင်း အသိပေးခြင်း
- လူဝင်မှုကြီးကြပ်ရေး (သို့) အလုပ်သမားဥပဒေများနှင့် စည်းမျဉ်းများ နှင့်ပတ်သက်၍ အမှားပြုခြင်းကို အသိပေးခြင်း

[ပုံမှန်အသိပေးချက်များမှာ]

- နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများရဲ့လက်ခံမှုအခြေအနေကို အသိပေးခြင်း (ဥပမာ၊ လက်ခံထားတဲ့ နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သား စုစုပေါင်းအရေအတွက်၊ အမည်၊ လုပ်ဆောင်မှု ရက်အရေအတွက်၊ တည်နေရာ၊ လုပ်ငန်းအသေးစိတ် အချက်အလက်များစသဖြင့်။)
- အထောက်အပံ့အစီအစဉ်များရဲ့အကောင်အထည်ဖော်မှု အခြေအနေကို အသိပေးခြင်း (ဥပမာ၊ တိုင်ပင်ဆွေးနွေးမှုများနှင့် တုန့်ပြန်မှုရလဒ်များ ပါဝင်သည်) *အထောက်အပံ့အစီအစဉ်ရဲ့အကောင်အထည်ဖော်မှုအားလုံးကို ပြင်ပ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းသို့လွှဲပြောင်လျှင် မလိုပါ
- နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများရဲ့လုပ်ဆောင်မှုအခြေအနေကို အသိပေးခြင်း (ဥပမာ၊ လုပ်အားခ ပေးချေမှု အခြေအနေ၊ ဝန်ထမ်းထွက်ခွာသူအရေအတွက်၊ ပျောက်ဆုံးနေသော လူဦးရေ၊ လက်ခံမှု ကုန်ကျစရိတ် စသည်ဖြင့်)

[ပုံမှန်အသိပေးချက်များ] *အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းနှင့် မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်း နှစ်ခုစလုံး

○ ၁၄ ရက်အတွင်း ၃ လတစ်ကြိမ် အကြောင်းကြားစာကို အောက်ပါလများတွင် အသိပေးခြင်း

(၁) ပထမအကြိမ်- ဇန်နဝါရီလ ၁မှ မတ်လ ၃၁အထိ

(၂) ဒုတိယအကြိမ်- ဧပြီ ၁မှ ဇွန် ၃၀အထိ

(၃) တတိယအကြိမ်- ဇူလိုင် ၁မှ စက်တင်ဘာ ၃၀အထိ

(၄) စတုတ္ထအကြိမ်- အောက်တိုဘာ ၁မှ ဒီဇင်ဘာ ၃၁အထိ

### ■ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းရဲ့ အသိပေးချက်များ

* ချိုးဖောက်မှုများအတွက် လမ်းညွှန်မှုနှင့် မှတ်ပုံတင်မှုဖျက်သိမ်းခြင်းအကြောင်း

[လိုအပ်သောအသိပေးချက်များမှာ]

- မှတ်ပုံတင်ခြင်းလျှောက်လွှာပစ္စည်းများ ပြောင်းလဲလျှင် အသိပေးခြင်း
- အထောက်အပံ့ဝန်ဆောင်မှုများရဲ့ရပ်ဆိုင်းမှုအကြောင်း အသိပေးခြင်း


[ပုံမှန်အသိပေးချက်များမှာ]

- အထောက်အပံ့ အကောင်အထည်ဖော်မှု အခြေအနေကို အသိပေးခြင်း (ဥပမာ၊ နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားရဲ့အမည်၊ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့အမည်၊ နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားထံမှ ညှိနှိုင်းတိုင်ပင်မှု အသေးစိတ်နှင့် တုံ့ပြန်မှု အခြေအနေစသည်ဖြင့်)

## အဓိကအချက်များ

- ○ သင့်တော်တဲ့ ဖွဲ့စည်းပုံစနစ်ရှိရှိ လည်ပတ်နိုင်ရေးအတွက် နယ်ပယ်တစ်ခုစီရှိ အရည်အချင်းရှိသော ဝန်ကြီးဌာနသည် သတ်မှတ်ထားတဲ့ စက်မှုလုပ်ငန်းနယ်ပယ်တစ်ခုစီအတွက် ကောင်စီတစ်ခုစီ ဖွဲ့စည်းပေးထားသည်။
- ○ ဒီကောင်စီများသည် အသင်းဝင်များရဲ့ညှိနှိုင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေပြီး ဒေသခံအော်ပရေတာများအနေဖြင့် နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများကို သူတို့လိုအပ်သည့် လက်ခံနိုင်မှုနှင့် တရားဝင်လိုက်နာမှုဆိုင်ရာ ပြဿနာများကို ပိုမိုသိရှိလာစေရန် ဖွဲ့စည်းပုံစနစ်များနှင့် သတင်းအချက်အလက်များကိုဝေမျှပေးနိုင်မှာဖြစ်ပါသည်။

## သာဓကအနေဖြင့်




## လုပ်ဆောင်မှုအသေးစိတ်

- ○ နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများကို လက်ခံရန်အတွက် ဖွဲ့စည်းပုံစနစ်များရဲ့ရည်ရွယ်ချက်နှင့် အကောင်းဆုံးအလေ့အကျင့်များကို မျှဝေခြင်း။
- ○ အထူးကျွမ်းကျင်တဲ့လုပ်သားနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများအတွက် ဥပဒေအရ လိုက်နာမှုရှိခြင်းကို သိရှိထားခြင်း။
- ○ အလုပ်အကိုင်တည်ဆောက်ပုံနှင့် စီးပွားရေးအခြေအနေများ ပြောင်းလဲခြင်းဆိုင်ရာ သတင်းအချက်အလက်များကို နားလည်ပြီး ဆန်းစစ်ပေးခြင်း။
- ○ ဒေသအလိုက် လုပ်သားရှားပါးမှုကို နားလည်ပြီး ဆန်းစစ်ပေးခြင်း
- ○ အလုပ်သမားရှားပါးမှုနှင့် လက်ခံမှုအခြေအနေအပေါ် အခြေခံ၍ မြို့ပြဒေသများရှိ လုပ်အားစုများလျှော့ချရန် ဆောင်ရွက်ချက်များကို စစ်ဆေးခြင်းနှင့်ညှိနှိုင်းပေးခြင်း။ (အလွန်အကျွံအာရုံစူးစိုက်မှုကို အသိအမှတ်ပြုတဲ့အခါ အဖွဲ့ဝင်များမှ လိုအပ်သော တောင်းဆိုမှုများ ပြုလုပ်ခြင်းအပါအဝင်)
- ○ လက်ခံခြင်းလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာနှင့် သင့်လျော်စွာ အကောင်အထည်ဖော်ရန်အတွက် အခြားသတင်းအချက်အလက်များ၊ ပြဿနာများနှင့် တိုင်ပင်ဆွေးနွေးမှု စသည်တို့ကို ဝေမျှပေးခြင်း။

မှတ်ချက် - ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းများသည် လုပ်ငန်းအဖွဲ့အစည်းနှင့် ပူးတွဲတည်ထောင်ထားသော ကော်ပိုရေးရှင်းတစ်ခုတွင် ပါဝင်ရန်လိုအပ်ပြီး ဒီကော်ပိုရေးရှင်းသည် ကောင်စီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ရမည်။

## အစိုးရအခြေခံမူဝါဒ (အစိုးရအဖွဲ့ရဲ့ဆုံးဖြတ်ချက်၊ ဒီဇင်ဘာ ၂၅၊ ၂၀၁၈)

အပ်ငွေများစုဆောင်းသော အန္တရာယ်ရှိသည့်ပွဲစားများ ဝင်ရောက်စွက်ဖက်ခြင်းအန္တရာယ်မှ ကာကွယ်ရန် အစိုးရများကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များစသည်တို့ကို လိုအပ်တဲ့ဆောင်ရွက်မှုများကို ပြုလုပ်ပါ။

## ဘက်စုံစီမံကိန်း (ဝန်ကြီးဆုံးဖြတ်ချက်၊ ဒီဇင်ဘာ ၂၅၊ ၂၀၁၈)

○ နိုင်ငံခြားသားအလုပ်သမားများကို အဆင်ပြေချောမွေ့နှင့် သင့်လျော်သောလက်ခံမှုကို မြှင့်တင်ရန်အတွက် အစပြုဆောင်ရွက်ချက်များ - အန္တရာယ်ရှိသည့်ပွဲစားများကိုဖယ်ရှားခြင်း ဂျပန်ဘာသာစကားစာမေးပွဲများကို ပြုလုပ်နေသောနိုင်ငံ ၉ နိုင်ငံနှင့် ဆိုးရွားသည့် ပွဲစားများကို ဖယ်ရှားပစ်ရန်ရည်ရွယ်ပြီး အစိုးရနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်များကို ပြင်ဆင်ခြင်းအားဖြင့် နိုင်ငံခြားသားအလုပ်သမားများ (နောက်ပိုင်းတွင် ဦးစားပေးနိုင်ငံ ၉နိုင်ငံ) ကိုစေလွှတ်မည်ဖြစ်သည်။ သတင်းအချက်အလက် မျှဝေရေးအတွက် Framework တစ်ခု တည်ဆောက်ရန်လိုအပ်သည်။ လိုအပ်ပါက အထက်ဖော်ပြပါနိုင်ငံများမှ ဝန်ထမ်းများ စေလွှတ်ရန် မျှော်လင့်ထားသည့် အစိုးရများနှင့် အလားတူအစိုးရနှင့်ပတ်သက်သော အစီအစဉ်များကို ညှိနှိုင်းမှုများ ပြုလုပ်ရန်လိုအပ်သည်။

## MOC ရဲ့အဓိကအချက်များ

○ သတင်းအချက်အလက်ဝေမျှခြင်း


နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများကို အဆင်ပြေချောမွေ့စေရန်နှင့် သင့်လျော်စွာ စေလွှတ်ခြင်းနှင့် လက်ခံခြင်းကို သေချာစေရန် အသုံးဝင်သော သတင်းအချက်အလက်များကို လျင်မြန်စွာဝေမျှပါ။ ဒီအချက်အလက်မှာ နှစ်နိုင်ငံအဖွဲ့အစည်းများမှ နိုင်ငံရပ်ခြားရှိ အထူးကျွမ်းကျင်တဲ့လုပ်သားများကို ခန့်အပ်ခြင်းနှင့် ငှားရမ်းခြင်းတို့ ပါဝင်ပတ်သက်နေတဲ့ လုပ်ရပ်များပါဝင်သည်။

● (security deposit) ငွေကောက်ခံခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အတုအယောင်မှတ်တမ်းများ၊ မျှတမှုမရှိသောအသုံးစရိတ်များ စသည်ဖြင့်ပါဝင်သည်။

○ ပြဿနာများအပေါ် တိုင်ပင်ဆွေးနွေးခြင်း

ဖွဲ့စည်းပုံစနစ် စနစ်တကျလည်ပတ်နိုင်ရေးအတွက် တိုးတက်မှုများလိုအပ်သည့် ပြဿနာများကို မှန်မှန်ကန်ကန်နှင့် ပုံမှန်ဆွေးနွေးပါ။

## MOC ရဲ့သာဓက




## လက်မှတ်ထိုးထားတဲ့ (နိုင်ငံပေါင်း ၁၁နိုင်ငံ)

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင်ပြည့်စုံသော MOC များနှင့်သက်ဆိုင်သည့် နိုင်ငံများကို အနက်ရောင်ဖြင့် ဖော်ပြထား)

**ဖိလစ်ပိုင်** (မတ် ၁၉)၊ **ကမ္ဘောဒီးယား** (မတ် ၂၅)၊ **နီပေါ** (မတ် ၂၅)၊ **မြန်မာ** (မတ် ၂၈)၊ **မွန်ဂိုလီးယား** (ဧပြီ ၁၇)၊ သီရိလင်္ကာ (ဇွန် ၁၉)၊ **အင်ဒိုနီးရှား** (ဇွန် ၂၅)၊ **ဗီယက်နမ်** (စာရွက်စာတမ်းများဖလှယ်မှု ဇူလိုင် ၁)၊ ဘင်္ဂလားဒေ့ရှ် (ဩဂုတ်လ ၂၇)၊ ဥဇဘက်ကစ္စတန် (ဒီဇင်ဘာ ၁၇)၊ ပါကစ္စတန် (ဒီဇင်ဘာ ၂၃)


# အထူးကျွမ်းကျင်တဲ့လုပ်သားစနစ်ရဲ့လုပ်ငန်းအခြေအနေ (၁)

出入国在留管理庁
ဂျပန်လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှု အေဂျင်စီ


## နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများ ခွင့်ပြုချက်ရဲ့အခြေအနေ (၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန် အထိ၊ အကြိုလုပ်ငန်း)

၁ အရည်အချင်းပြည့်မီကြောင်းလက်မှတ် ထုတ်ပေးခြင်း မှတ်တမ်းပေါင်း ၁,၁၃၉ ခု။
၂ နေထိုင်ခွင့်အခြေအနေပြောင်းလဲခွင့်ပြုခြင်း မှတ်တမ်းပေါင်း ၁,၀၆၂ ခု။
၃ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်း အဖွဲ့မှတ်ပုံတင်ခြင်း မှတ်တမ်းပေါင်း ၃,၄၅၁ ခု။
၄ "ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ"အတွက် အထူးခွင့်ပြုချက်ပေးထားခြင်း မှတ်တမ်းပေါင်း ၈၅၇ ခု။


(မထွက်သေးတဲ့ စာရင်းလဲပါဝင်)




**ခွင့်ပြုချက်ပေးထားတဲ့ မှတ်တမ်းပေါင်း အသေးစိတ်**




## နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများရဲ့ အရေအတွက် (၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန် အထိ၊ အကြိုလုပ်ငန်း)




အယောက် ၁,၀၁၉

| လုပ်ငန်းနယ်ပယ် | အယောက် |
|---|---|
| သူနာပြုစောင့်ရှောက်မှုလုပ်ငန်း | ၁၉ |
| အဆောက်အဦးသန့်ရှင်းရေးလုပ်ငန်း | ၁၂ |
| စက်အစိတ်အပိုင်းနှင့် စက်ကိရိယာလုပ်ငန်းများ (သတ္တုလုပ်ငန်း) | ၁၄၃ |
| စက်မှုစက်ရုံလုပ်ငန်း | ၁၅၁ |
| လျှပ်စစ်၊ အီလက်ထရောနစ် နှင့် သတင်းအချက်အလက် လုပ်ငန်း | ၃၁ |
| ဆောက်လုပ်ရေးလုပ်ငန်း | ၅၉ |
| သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း | ၃၂ |
| ကားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း | ၈ |
| လေကြောင်းလုပ်ငန်း | ၀ |
| ဟိုတယ်လုပ်ငန်း | ၁၃ |
| စိုက်ပျိုးရေးလုပ်ငန်း | ၁၆၉ |
| ရေလုပ်ငန်း | ၈ |
| စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၃၀၃ |
| အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း | ၇၁ |

# အထူးကျွမ်းကျင်တဲ့လုပ်သားစနစ်ရဲ့လုပ်ငန်းအခြေအနေ (၂)

## အထူးကျွမ်းကျင်တဲ့လုပ်သားစစ်ဆေးခြင်းစသည်တို့ကို အကောင်အထည်ဖော်ခြင်းအခြေအနေ (ဒီဇင်ဘာ ၂၀၁၉ အဆုံးတွင် စမ်းသပ်မှုအဖွဲ့အစည်းတစ်ခုစီရဲ့ဝက်ဘ်ဆိုက်ကို ကိုးကား၍ ဖန်တီးထားသည်)

| | တည်နေရာ (လ) | စာမေးပွဲဖြေဆိုသူအရေအတွက် | အောင်မြင်သူအရေအတွက် | အနာဂတ်အစီအစဉ် (မှတ်ချက် ၁) |
|---|---|---|---|---|
| သူနာပြုစောင့်ရှောက်မှုလုပ်ငန်း | (ဖိလစ်ပိုင်) မေပြီ-ဒီဇင်ဘာ ၂၀၁၉<br>(ကမ္ဘောဒီးယား) စက်တင်ဘာ-ဒီဇင်ဘာ ၂၀၁၉<br>(အင်ဒိုနီးရှား) အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၉<br>(နီပေါ) အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၉<br>(မွန်ဂိုလီးယား) နိုဝင်ဘာ၊ ဒီဇင်ဘာ ၂၀၁၉<br>(ဂျပန်ပြည်တွင်း) အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၉ | (ကျွမ်းကျင်ခြင်းစမ်းသပ်မှု) အယောက် ၂,၆၃၄ (မှတ်ချက် ၂)<br>(ဂျပန်ဘာသာစကားစာမေးပွဲ) အယောက် ၂,၆၁၂ (မှတ်ချက် ၂) | (ကျွမ်းကျင်ခြင်းစမ်းသပ်မှု) အယောက် ၁,၂၅၄ (မှတ်ချက် ၂)<br>(ဂျပန်ဘာသာစကားစာမေးပွဲ) အယောက်၁,၂၈၅ (မှတ်ချက် ၂) | (ဖိလစ်ပိုင်) ဇန်နဝါရီ ၂၀၂၀<br>(ကမ္ဘောဒီးယား) ဇန်နဝါရီ ၂၀၂၀<br>(အင်ဒိုနီးရှား) ဇန်နဝါရီ ၂၀၂၀<br>(နီပေါ) ဇန်နဝါရီ ၂၀၂၀ |
| အဆောက်အဦးသန့်ရှင်းရေးလုပ်ငန်း | (မြန်မာ) ဒီဇင်ဘာ ၂၀၁၉<br>(ဂျပန်ပြည်တွင်း) နိုဝင်ဘာ၊ ဒီဇင်ဘာ ၂၀၁၉ | အယောက် ၄၇၂ | အယောက် ၃၁၇ | — |
| စက်အစိတ်အပိုင်းနှင့် စက်ကိရိယာလုပ်ငန်းများ (သတ္တုလုပ်ငန်း)(မှတ်ချက် ၃)<br>စက်မှုစက်ရုံလုပ်ငန်း (မှတ်ချက် ၃)<br>လျှပ်စစ်၊ အီလက်ထရောနစ် နှင့် သတင်းအချက်အလက်လုပ်ငန်း (မှတ်ချက် ၃) | — | — | — | (အင်ဒိုနီးရှား) ဇန်နဝါရီ ၂၀၂၀ |
| သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း (မှတ်ချက် ၃) | (ဖိလစ်ပိုင်) နိုဝင်ဘာ ၂၀၁၉ | (မှတ်ချက် ၂) | (မှတ်ချက် ၂) | — |
| ကားပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း | (ဖိလစ်ပိုင်) ဒီဇင်ဘာ ၂၀၁၉ | ၁၂ ယောက် | ၁၂ ယောက် | (ဖိလစ်ပိုင်) ဇန်နဝါရီ-မတ် ၂၀၂၀ |
| လေကြောင်းလုပ်ငန်း (မှတ်ချက် ၃) | (ဖိလစ်ပိုင်) နိုဝင်ဘာ ၂၀၁၉<br>(မွန်ဂိုလီးယား) အောက်တိုဘာ ၂၀၁၉<br>(ဂျပန်ပြည်တွင်း) နိုဝင်ဘာ ၂၀၁၉ | အယောက် ၂၂၇ | အယောက် ၁၂၈ | (ဂျပန်ပြည်တွင်း) ဖေဖော်ဝါရီ ၂၀၁၉ |
| ဟိုတယ်လုပ်ငန်း | (မြန်မာ) အောက်တိုဘာ ၂၀၁၉<br>(ဂျပန်ပြည်တွင်း) ဧပြီ၊ အောက်တိုဘာ ၂၀၁၉ | အယောက် ၁,၂၈၀ | အယောက် ၇၂၈ | (ဂျပန်ပြည်တွင်း) ဇန်နဝါရီ ၂၀၂၀ |
| စိုက်ပျိုးရေးလုပ်ငန်း (မှတ်ချက် ၃) | (ဖိလစ်ပိုင်) အောက်တိုဘာ-ဒီဇင်ဘာ ၂၀၁၉ | ၉ အယောက် (မှတ်ချက် ၂) | ၉ အယောက် (မှတ်ချက် ၂) | (ဖိလစ်ပိုင်) ဇန်နဝါရီ-မတ် ၂၀၂၀<br>(ကမ္ဘောဒီးယား) ဇန်နဝါရီ-မတ် ၂၀၂၀<br>(အင်ဒိုနီးရှား) ဇန်နဝါရီ-မတ် ၂၀၂၀ |
| ရေလုပ်ငန်း (မှတ်ချက် ၃) | — | — | — | (အင်ဒိုနီးရှား) ဇန်နဝါရီ ၂၀၂၀ |
| စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း | (ဖိလစ်ပိုင်) နိုဝင်ဘာ၊ ဒီဇင်ဘာ ၂၀၁၉<br>(ဂျပန်ပြည်တွင်း) အောက်တိုဘာ ၂၀၁၉ | အယောက် ၆၂၆ (မှတ်ချက် ၂) | အယောက် ၄၃၃ (မှတ်ချက် ၂) | (ဖိလစ်ပိုင်) ဇန်နဝါရီ-မတ် ၂၀၂၀<br>(အင်ဒိုနီးရှား) ဇန်နဝါရီ-မတ် ၂၀၂၀<br>(ဂျပန်ပြည်တွင်း) ဖေဖော်ဝါရီ ၂၀၂၀ |
| အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း | (ဖိလစ်ပိုင်) နိုဝင်ဘာ၊, ဒီဇင်ဘာ ၂၀၁၉<br>(ဂျပန်ပြည်တွင်း) ဧပြီ၊ ဇွန်၊ စက်တင်ဘာ၊ နိုဝင်ဘာ ၂၀၁၉ | အယောက် ၄,၇၁၇ (မှတ်ချက် ၂) | အယောက် ၂,၉၆၆ (မှတ်ချက် ၂) | (ဖိလစ်ပိုင်) ဇန်နဝါရီ-မတ် ၂၀၂၀<br>(ကမ္ဘောဒီးယား) ဇန်နဝါရီ-မတ် ၂၀၂၀<br>(ဂျပန်ပြည်တွင်း) ဖေဖော်ဝါရီ ၂၀၂၀ |
| အခြေခံဂျပန်ဘာသာ စကားအတွက် ဂျပန်ဖောင်ဒေးရှင်း စာမေးပွဲ | (ဖိလစ်ပိုင်) ဧပြီ-ဇွန်၊ ဩဂုတ်-နိုဝင်ဘာ ၂၀၁၉<br>(ကမ္ဘောဒီးယား) အောက်တိုဘာ ၂၀၁၉<br>(အင်ဒိုနီးရှား) အောက်တိုဘာ၊ နိုဝင်ဘာ ၂၀၁၉<br>(နီပေါ) အောက်တိုဘာ၊ နိုဝင်ဘာ ၂၀၁၉<br>(မွန်ဂိုလီးယား) နိုဝင်ဘာ ၂၀၁၉ | အယောက် ၂,၂၇၉ | အယောက် ၇၇၉ | (ဖိလစ်ပိုင်) ဇန်နဝါရီ ၂၀၂၀<br>(ကမ္ဘောဒီးယား) ဇန်နဝါရီ ၂၀၂၀<br>(အင်ဒိုနီးရှား) ဇန်နဝါရီ ၂၀၂၀<br>(နီပေါ) ဇန်နဝါရီ ၂၀၂၀ |

မှတ်ချက် ၁။ ၂၀၂၀၊ ဇန်နဝါရီလ နောက်ပိုင်းအကောင်အထည်ဖော်မှု အချိန်ဇယားကို ပြောင်းလဲနိုင်သည်။
မှတ်ချက် ၂။ သူနာပြုစောင့်ရှောက်မှုလုပ်ငန်း၊ (ကျွမ်းကျင်ခြင်းစမ်းသပ်မှုနှင့် ဂျပန်ဘာသာစကားစာမေးပွဲ)၊ သင်္ဘောဆောက်ခြင်းနှင့် သင်္ဘောစက်ရုံလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းနှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းအတွက် စာမေးပွဲဖြေဆိုသူအရေအတွက်နဲ့ အောင်မြင်သူအရေအတွက်ကို နိုဝင်ဘာလ နောက်ပိုင်း၌ မထုတ်ပြန်ရသေးတဲ့အတွက် စုစုပေါင်းအရေအတွက်တွင် မပါဝင်ပါ။
မှတ်ချက် ၃။ စီးပွားရေးနယ်ပယ်အတွက် စမ်းသပ်မှု အကောင်အထည်ခြင်း အခြေအနေ ကွဲပြားနိုင်သည်။

# အခြေခံမူဝါဒနှင့် စွမ်းဆောင်ရည်ပြည့်အမှုဆောင်စည်းမျဉ်း စသည်ဖြင့်

# အထူးကျွမ်းကျင်တဲ့လုပ်သားများ နေထိုင်ခွင့်အခြေအနေအတွက် သင့်တော်တဲ့ စနစ်တစ်ခု ပေါ်ပေါက်လာရန် ရည်ရွယ်သော အထူးကျွမ်းကျင်တဲ့လုပ်သားများ နေထိုင်ခွင့်အခြေအနေ အကောင်ထည်ဖော်ရေး အခြေခံမူဝါဒ (လူဝင်မှုကြီးကြပ်ရေး နှင့် ဒုက္ခသည်အသိအမှတ်ပြုမှုအက်ဥပဒေ ပြန်လည်ပြင်ဆင်မှု ဆောင်ပါး ၂-၃)

## ၁ အဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်နှင့်သက်ဆိုင်တဲ့ ကိစ္စရပ်များ

ဒေသတွင်း လူစွမ်းအားအရင်းအမြစ် ခိုင်မာစေရန်နှင့်ထုတ်လုပ်မှု အင်အားတိုးတတ်စေရန် နိုင်ငံတော်ရဲ့ကြိုးပမ်းမှု ရှိသော်လည်း လူစွမ်းအားအရင်းအမြစ် ခိုင်မှာမှု မရှိသေးတဲ့ အေခြေအနေ၊ အသေးစားနှင့်အလတ်စား လုပ်ငန်းများတွင် တိုးများလာနေသော အလုပ်သမားရှားပါးမှု့ပြဿနာကို ဖြေရှင်းရန် အဖွဲ့အစည်းအနေနှင့် စက်မှုပိုင်းနယ်ပယ်တွင် ကျွမ်းကျင်မှုရှိပြီး အလုပ်လုပ်ရန် အဆင့်သင့်အနေအထားတွင်ရှိသော နိုင်ငံခြားသားများကို လက်ခံသွားမည်။

## ၂ စက်မှုနယ်ပယ်တွင် အလုပ်သမားရှားပါးမှုကြောင့် နိုင်ငံခြားသားများနှင့် လူစွမ်းအားအရင်းအမြစ် ခိုင်မာစေခြင်းဆိုင်ရာ ကိစ္စရပ်များ

➢နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများ လက်ခံခြင်း

ကုန်ထုတ်စွမ်းအားတိုးတက်စေရေးနှင့် ပြည်တွင်းလူစွမ်းအားအရင်းအမြစ်များ ရရှိစေရန် နိုင်ငံတော်ရဲ့ကြိုးပမ်းမှု ရှိသော်လည်း လူစွမ်းအားအရင်းအမြစ် မခိုင်မာနိုင်သေးသော အခက်အခဲများကြောင့် စက်မှုဇုန်နယ်ပယ်များ (သတ်မှတ်ထားတဲ့လုပ်ငန်းနယ်ပယ်) သည် ၄င်းတို့ လိုအပ်နေသော လူစွမ်းအားအရင်းအမြစ်များကို နိုင်ငံခြားသားများအားဖြင့် ခိုင်မာစေနိုင်သည်။

➢လူစွမ်းအားရင်းမြစ်ရှားပါးခြင်းနှင့် စပ်လျဥ်း၍ ဒေသတွင်း အခြေအနေများကို ထည့်သွင်းသုံးသပ်ခြင်း

မြို့တော် နယ်နိမိတ်တွင်းနှင့် အခြား နေရာများတွင် အလုပ်သမား ဌားရမ်းခြင်းကို အလွန်အမင်း အာရုံမပြုရရန် လိုအပ်သော ဆောင်ရွက်စရာရှိသမျှကို ကြိုးစား လုပ်ဆောင်ရမည်။

➢လက်ခံနိုင်တဲ့ ခန့်မှန်းခြေ အရေအတွက် သက်ဆိုင်ရာ နယ်ပယ်တွင်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများပေါ်အခြေခံ၍ ငါးနှစ်အတွင်း မျှော်မှန်းထားသည့် လက်ခံနိုင်သည့် အရေအတွက်ကို ဖော်ပြရမည်။

## ၃ လိုအပ်နေသော လူစွမ်းအား အရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များ

(*) အရည်အချင်းစစ် အုပ်ချုပ်ရေး အေဂျင်စီက သတ်မှတ်ထားတဲ့ စမ်းသပ်မှုများဖြင့် အတည်ပြုသည်။

| | အထူးကျွမ်းကျင်တဲ့လုပ်သား (၁) | အထူးကျွမ်းကျင်တဲ့လုပ်သား (၂) |
|---|---|---|
| ကျွမ်းကျင်မှုစံနှုန်း | ဗဟုသုတနှင့် အတွေ့အကြုံလိုအပ် (*) | အတွေ့အကြုံရှိတဲ့ကျွမ်းကျင်မှု(*) |
| ဂျပန်ဘာသာစကား စွမ်းရည် | အခြေခံအားဖြင့် အလုပ်အတွက်၊ နေ့စဉ် စကားလက်ဆုံပြောဆိုမှုအဆင့်နှင့် နေ့စဉ်ဘဝအတွက် အတားအဆီးများမရှိနိုင်ဖို့ ဂျပန်ဘာသာစကားစွမ်းရည်လိုအပ် (*) | – |
| နေထိုင်ခွင့်သက်တမ်း | စုစုပေါင်း ၅ နှစ်အထိနေနိုင် | နေထိုင်ခွင့်သက်တမ်း သက်တမ်းတိုးရန် |
| မိသားစုဝင်များခေါ် ဆောင်ခြင်း | အခြေခံအားဖြင့် လက်မခံပါ။ | ဖြစ်နိုင်သည် |

## ၄ လုပ်ငန်းဆက်စပ်နေတဲ့ အုပ်ချုပ်ရေးကိုယ်စားလှယ်များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဆိုင်ရာ အခြေခံကိစ္စရပ်များ

➢ဒေသတွင်းလုပ်ရှားမှုများ တရားရေးရာဝန်ကြီးဌာန၊ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေး ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းဖြင့် မလိုလားအပ်သော ကြားခံ ပွဲစားများကို ဖယ်ရှားရန် စသည်ဖြင့်

➢ပြည်ပလုပ်ရှားမှုများ ကြားခံပွဲစားများ ကြိုတင်ငွေကောက်ခံခြင်းကဲ့သို့သော ကြားဖြတ်လုပ်ဆောင်မှုများမှ ကာကွယ်ရန် နှစ်ဦးနှစ်ဘက်သဘောတူညီထားတဲ့ နှစ်နိုင်ငံ အစိုးရအဖွဲ့စည်းအချင်းချင်းဖလှယ်ပြီး လိုအပ်တဲ့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်

➢အလုပ်သမားရှားပါးမှုဆိုင်ရာ အပြောင်းလဲများကို တုန့်ပြန်ဆောင်ရွက်ခြင်း

○သက်ဆိုင်ရာ အုပ်ချုပ်ရေး ကိုယ်စားလှယ် ခေါင်းဆောင်များသည် အလုပ်သမားရှားပါးမှုကို နားလည်သင့်သည်။ အလုပ်သမား ရှားပါးမှုဆိုင်ရာ အပြောင်းလဲများ ဖြစ်ပေါ်နိုင်ခြေရှိလျှင် အနာဂတ်တွင် လက်ခံနိုင်တဲ့ စည်းမျဥ်းများကို ဖွဲ့စည်းပုံနှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ နှင့် လုပ်ငန်းနယ်ပယ်တွင်းရှိ အုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဆွေးသွားမည်။ လိုအပ်လျှင် အုပ်ချုပ်ရေးအာဏာပိုင်များမှ လုပ်ငန်းနယ်ပယ် အသီးသီးအတွက် မူဝါဒများပြန်လည်သုံးသပ်ပြီး အရည်အချင်းပြည့်မီကြောင်းလက်မှတ် ထုတ်ပေးခြင်းကို ဆိုင်းငံ့ခြင်း (သို့) နယ်ပယ်များအတွက် ဝန်ကြီးဌာနမှ ပြဌာန်းထားသော စည်းမျဥ်းဥပဒေပြဌာန်းချက်များမှ ထိုလုပ်ငန်းနယ်ပယ်ကို ဖယ်ခြားခြင်းကဲ့သို့သော ဆောင်ရွက်စရာများကို ပြန်လည် သုံးသပ်ရန်

○ထူးခြားသည့် စီးပွားရေးဆိုင်ရာ အပြောင်းအလဲများမရှိပါက နောက်ငါးနှစ်အတွက် မျှော်မှန်းထားတဲ့ လက်ခံနိုင်တဲ့ အရေအတွက်ကည် အဖွဲ့အစည်းလက်အောက်တွင် နိုင်ငံခြားသား လက်ခံနိုင်မှု အမြင့်ဆုံး အရေအတွက်ဖြစ်သည်။

➢လုံခြုံရေးဆိုင်ရာ ပြဿနာများ ကိုင်တွယ် ဖြေရှင်းခြင်း

နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများ ပျောက်ဆုံးခြင်း နှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများဖြေရှင်းရန် အဖွဲ့အစည်းနှင့် ဆက်နွယ်နေသော အသင်းအဖွဲ့များ နှင့် အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်များမှ သတင်းအချက်အလတ်များ ချိန်ဆက်နိုင်ဖို့ လုပ်ငန်းများ ဆောင်ရွက်ရန်

## ၅ အဖွဲ့အစည်း လည်ပတ်လုပ်ဆောင်မှုနှင့် ဆက်စပ်နေသော အရေးကြီးကိစ္စရပ်များ

➢နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သား (၁) များအတွက် အထောက်အပံ့

နေစဉ်ဘဝနေသားကျဖို့နှင့် ဂျပန်စာစကား သင်ယူဖို့ကူညီပေးခြင်း၊ လိုအပ်ချက်များနှင့် ညှိနှိုင်းမှုများ ကိုင်တွယ်ဖြေရှင်းပေးခြင်း၊ အလုပ်သစ်စတဲ့အခါ (သို့) အလုပ်ပြောင်းတဲ့အခါ နိုင်ငံခြားသားများနှင့် ဂျပန်လူမျိုးများကြား အချင်းချင်း ဆွေးနွေးဖလှယ်နိုင်ဖို့ ကူညီပေးခြင်း၊ လိုအပ်သလို လုပ်ငန်းဆိုင်ရာ အကြံပြုပေးခြင်း၊ ညွှန်ကြားပေးခြင်း၊ အလုပ်သစ် အခြေအနေနှင့် ဂျပန်ဘာသာစကားကျွမ်းကျင်မှုအဆင့်ကို နားလည်ပေးခြင်း စသည်ဖြင့်။

➢အလုပ်အကိုင် ခေါ်ယူခြင်း အခြေအနေ အချိန်ပြည့်အလုပ်ကိုင် ခေါ်ယူခြင်း စည်းမျဉ်းကို အခြေခံပြီး နယ်ပယ်တစ်ခုရဲ့သီးသန့် မူဝါဒအရ တစ်ချို့သော အခြေနေများတွင် ယာယီလုပ်သားများအားလည်း အချိန်ပြည့် လုပ်သားအဖြစ်ခွင့်ပြုနိုင်သည်။

➢ခြေခံမူဝါဒများအား ပြန်လည်သုံးသပ်ခြင်း ပြန်လည်သုံးသပ်ပြီးတဲ့အက်ဥပဒေ အကျိုးသက်ရောက်ပြီး ၂ နှစ်အကြာတွင် လိုအပ်ပါက ပြန်လည် သုံးသပ်ရမည်။

## ၁ ဝန်ကြီးဌာနမှ စည်းမျဉ်းစည်းကမ်းသစ်များ (စည်းမျဉ်းစည်းကမ်း ၂ခု)

### (၁) အထူးကျွမ်းကျင်တဲ့လုပ်သားဆိုင်ရာ စည်းမျဉ်းစည်းကမ်း

○ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းနှင့် နိုင်ငံခြားသား အလုပ်သမားကြားတွင် အလုပ်စာချုပ် ချုပ်ဆိုရာတွင် ပြည့်မှီရမည့် စံသတ်မှတ်ချက်များ

- လုပ်ငန်းတူ လုပ်ဆောင်သော ဂျပန်လူမျိုး အလုပ်သမားရဲ့လစာနှင့် တူညီသောလစာ ပေးရမည်။
- မိခင်နိုင်ငံသို့ ပြန်နိုင်ရန် ခွင့်ပေးရမည်။
- မိခင်နိုင်ငံသို့ပြန်ရန် စရိတ်မတတ်နိုင်ပါက အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ စီစဉ်ပေးရန် နှင့် စာချုပ်သက်တမ်းပြည့်၍ နေအိမ်သို့ အဆင်ပြေချော့မွေ့စွာ ပြန်နိုင်ရန် အဖွဲ့အစည်းမှ စီစဉ်ပေးရမည် စသည်ဖြင့်။

○ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း ကိုယ်တိုင်တွက် စံသတ်မှတ်ချက်များ

- အလုပ်သမားလူမှုရေးအာမခံ နှင့် အခွန်ထမ်းခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများအားလိုက်နာရမည်
- နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သား အဖြစ်လုပ်ဆောင်နေသော လုပ်သားများ အတင်းအဓမ္မအလုပ်တစ်မျိုးထဲ တစ်နှစ်တာ ကာလအတွင်း အလုပ်ထွက်ခြင်းမရှိအောင် ဆောင်ရွက်ပေးရမည်။
- အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းကို စွတ်စွဲခံရနိုင်သော အကြောင်းပြချက်ဖြင့် တစ်နှစ်အတွင်း လူပျောက်ခြင်း မရှိစေရ။
- အရည်အချင်းမပြည့်မှီသော မည်သည့်အကြောင်းပြချက် မှမရှိစေရ။ (လွန်ခဲ့သော ငါးနှစ်အတွင်း လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ သို့မဟုတ် အလုပ်သမားဥပဒေ ချိုးဖောက်ထားခြင်းမရှိရ စသည်ဖြင့်)
- လုပ်အားခလစာများကို ငွေစုအကောင့်သို့ တိုက်ရိုက်လွှဲပေးရမည် စသည်ဖြင့်။
- နှစ်လည်ပိုင်းမှ ရေရှည်ထိ နေထိုင်သူများအား လက်ခံခြင်းအတွက် မှတ်တမ်းများထားရှိပြီး သင်တော်သလို စီမံဆောင်ရွက်ပေးရမည်။ အရာရှိများနှင့် အလုပ်သမားများကြား ထောက်မပေးသူများ နှင့် လက်ထောက်မန်နေဂျာတစ်ဦး ခန့်ထားရမည်။( တစ်ပြိုင်တည်းလည်း ဖြစ်နိုင်သည်။)(*)
- နိုင်ငံခြားလုပ်သားများ အပြည့်အဝနားလည်နိုင်သော ဘာသာစကား ဖြစ်ရန် အတွက် အထောက်အကူဖြစ်စေသော စနစ်တစ်ခုထားရှိရမည်။(*)
- လက်ထောက် မန်နေဂျာများက အရည်အချင်းပြည့်မှီရမည်။(*)

မှတ်ချက် (*) အမှတ်သားပါအချက်အလက်များသည် မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းရဲ့အထောက်အပံ့များသည် ပြင်ပမှဖြစ်လျှင် မလိုအပ်ပါ။

○ အထောက်အပံ့အစီအစဉ်မှ ပြည့်မှီရမည့် စံသတ်မှတ်ချက်များ

*အခြေခံမူဝါဒတွင် ဖော်ပြထားသော ထောက်ပံ့ပေးခြင်းဆိုင်ရာ အသေးစိတ်ချက်လက်များ သတ်မှတ်ခြင်း

### (၂) စက်မှုလုပ်ငန်းနယ်ပယ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ

○ ကျွမ်းကျင်မှုအဆင့်နယ်ပယ်များ လက်ခံခြင်း
*နယ်ပယ်တစ်ခုစီအတွက် မူဝါဒများ လုပ်ဆောင်နိုင်ရန် သတ်မှတ်ထား

## ၂ ရှိထားနှင့်ပြီးသော ဝန်းကြီးဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ပြန်လည်သုံးသပ်ခြင်း (စည်းမျဉ်းစည်းကမ်း ၂ခု)

### (၁) ပြည်တွင်းဆိုက်ရောက်ခြင်း ဆိုင်ရာစည်းမျဉ်းစည်းကမ်း

○ နိုင်ငံခြားသားများတွက် စံသတ်မှတ်ချက်

- ၁၈ နှစ် (သို့) ၁၈နှစ်အထက်
- ကျန်းမာရေးကောင်းရမည်။
- (security deposit) ပေးဆောင်ထားခြင်းမရှိရ။
- ထွက်ခွာခဲ့သောနိုင်ငံတွင် သတ်မှတ်ထားသော စီစဉ်ဆောင်ရွက်စရာများကို သင့်တော်စွာ လုပ်ဆောင်ခဲ့ရမည်။
- အထူးကျွမ်းကျင်တဲ့လုပ်သား(၁)- လိုအပ်သောကျွမ်းကျင်မှုအဆင့်ရှိ ပြီး ဂျပန်ဘာသာစကား ကျွမ်းကျင်ရမည်။
  မှတ်ချက်- နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) ကို အောင်မြင်ပြီးဆုံးထားသူများ ကင်းလွတ်ခွင့်ရှိ
- အထူးကျွမ်းကျင်တဲ့လုပ်သား(၂)- လိုအပ်သော ကျွမ်းကျင်မှုအဆင့် ရှိရမည် စသည်ဖြင့်။

### (၂) လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြုအက်ဥပဒေ ပြဋ္ဌာန်းရန် စည်းမျဉ်းစည်းကမ်း

○ အသိအမှတ်ပြု မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းအတွက် စည်းမျဉ်းစည်းကမ်း

- လက်ထောက်မန်နေဂျာ နှင့် ထောက်ပံ့ပေးသူများ ခန့်အပ်ရမည်။
  ( တစ်ပြိုင်တည်းလည်းဖြစ်နိုင်သည်။)
- နှစ်လည်ပိုင်းမှ ရေရှည်ထိ နေထိုင်သူများအတွက် လက်ခံခြင်းအတွက် မှတ်တမ်းများထားရှိပြီး သင်တော်သလို စီမံဆောင်ရွက်ပေးရမည်။
- နိုင်ငံခြားလုပ်သားများ အပြည့်အဝနားလည်နိုင်သော ဘာသာစကား ဖြစ်ရန် အတွက် အထောက်အကူဖြစ်စေသော စနစ်တစ်ခုထားရှိရမည်။

○ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ အသိပေးအကြောင်းကြားခြင်းများ

○ အခြား

- အထူးကျွမ်းကျင်တဲ့လုပ်သား(၁) ရဲ့နေထိုင်ခွင့်သက်တမ်း စုစုပေါင်းသည် ၅ နှစ်ဖြစ်သည်။
- အထူးကျွမ်းကျင်တဲ့လုပ်သား (၁) အတွက် အလည်အပတ် နေထိုင်ခွင့်သက်တမ်း (အသစ်ပြုလုပ်နိုင်) သည် ၄ လ ၊ ၆လ၊ (သို့) ၁၂လ ဖြစ်ပြီး အထူးကျွမ်းကျင်တဲ့လုပ်သား(၂) အတွက် ၆လ၊ ၁နှစ် (သို့) ၃ နှစ်ဖြစ်သည်။

မှတ်ချက်- နိုင်ငံခြားသား လူစွမ်းအားအရင်းအမြစ်လက်ခံဆိုင်ရာ စည်းမျဉ်းစည်းကမ်းအရ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းအတွက် မှတ်ပုံတင်စရိတ်နှင့် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခြင်းအတွက် စည်းမျဉ်းများထားရှိထားပါသည်။( မှတ်ပုံတင်ခြင်းအတွက် ၂၈,၄၀၀ ယွမ် နှင့် သက်တမ်းတိုးခြင်းအတွက် ၁၁,၁၀၀ယွမ်)။

**(ဆောင်းပါ ၇၊ အပိုဒ် ၁၊ အက်ဥပဒေ အချက် ၂၊ ပြည်တွင်းဆိုက်ရောက်ခြင်း ဆိုင်ရာစည်းမျဉ်းစည်းကမ်း)**

## ■ အထူးကျွမ်းကျင်တဲ့လုပ်သား (၁) နှင့် အထူးကျွမ်းကျင်တဲ့လုပ်သား (၂) အတွက် တူညီသော စံသတ်မှတ်ချက်များ

(၁) အသက် ၁၈ နှစ် သို့မဟုတ် ၁၈ နှစ် အထက် ဖြစ်ရမည်။

(၂) ကျန်းမာရေး ကောင်းမွန်ရမည်။

(၃) ပြည်နှင်ဒဏ်ပေးခြင်း ပြဋ္ဌာန်းချက်နှင့်အညီ ပူးပေါင်းလုပ်ဆောင်ရန် အာမခံပေးသော နိုင်ငံခြားတိုင်းပြည်မှ ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ် ရှိရမည်။

(၄) (security deposit) ငွေပေးဆောင်ထားခြင်းမရှိရ

(၅) ကျသင့်ငွေများကို နိုင်ငံခြား အဖွဲ့စည်းများသို့ ပေးချေရပါက ကျသင့်ငွေပမာဏ နှင့် ငွေပမာဏကိန်းဂဏန်းခွဲခြမ်းမှုကို အပြည့်အဝနားလည်ပြီး အဖွဲ့အစည်းနှင့် သဘောတူညီမှု ပြုထားရမည်။

(၆) ထွက်ခွာခဲ့သောနိုင်ငံတွင် သတ်မှတ်ထားသော စီစဉ်ဆောင်ရွက်စရာများကို သင့်တော်စွာ လုပ်ဆောင်ခဲ့ရမည်။

(၇) အစားအသောက်နှင့် နေထိုင်မှုစရိတ်ကဲ့သို့သော နိုင်ငံခြားသားများတွက် ကုန်ကျငွေများနှင့် ပတ်သတ်ပြီး ထိုကုန်ကျစရိတ်များကို အပြည့်အဝနားလည်ထားပြီးသော သဘောတူညီမှုများပြုလုပ်သင့်ပြီး ကုန်ကျစရိတ်များနှင့် ကျသင့်ငွေများသည် မှန်ကန်ကြောင်း သက်သေအချက်အလက်များ စီစဉ်ထားပေးရမည်။

(၈) သတ်မှတ်နယ်ပယ်မှ ချမှတ်ထားသော စံသတ်မှတ်ချက်များကို လိုက်နာရမည်။ (*ယင်းနယ်ပယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသော အသိပေးကြေညာချက်များအတိုင်း)

## ■ အထူးကျွမ်းကျင်တဲ့လုပ်သား (၁) အတွက်သာ ဖြစ်သော စံသတ်မှတ်ချက်များ

(၁) ဂျပန်ဘာသာစကားစွမ်းရည်နှင့် လိုအပ်သောကျွမ်းကျင်မှုရှိကြောင်း စစ်ဆေးထားသော အကဲဖြတ်ခြင်းနှင့် စစ်ဆေးခြင်းအောင်မြင်ထားသူ ဖြစ်ရမည်။ (နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း (၂) အောင်မြင်ပြီးဆုံးထားသူနှင့် အလုပ်သင်သင်တန်း မှရရှိထားသော ကျွမ်းကျင်မှုများသည် ဝင်ရောက်မည့် လုပ်ငန်းခွင်အတွက် လိုအပ်သော ကျွမ်းကျင်မှုနှင့် ကိုက်ညီကြောင်း သတ်မှတ်ခံထားရသူများအတွက် မလိုအပ်ပါ)

(၂) အထူးကျွမ်းကျင်တဲ့လုပ်သား (၁)အတွက် နေထိုင်ခွင့်သက်တမ်းမှာ ၅ နှစ်အောက်ဖြစ်သည်။

## ■ အထူးကျွမ်းကျင်တဲ့လုပ်သား (၂) အတွက်သာ ဖြစ်သော စံသတ်မှတ်ချက်များ

(၁) လိုအပ်သော ကျွမ်းကျင်မှုရှိကြောင်းစစ်ဆေးထားသော အကဲဖြတ်ခြင်းနှင့် စစ်ဆေးခြင်းအောင်မြင်ထားသူ ဖြစ်ရမည်။

(၂) နည်းပညာပိုင်းဆိုင်ရာ အလုပ်သင်သင်တန်းသားများသည် မိမိ မိခင်နိုင်ငံသို့ ကျွမ်းကျင်မှုများ ကူးပြောင်းယူဆောင်သွားရမည်။

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း စံသတ်မှတ်ချက်များ (၁)

(ဆောင်းပါး၂-၅၊ အက်ဥပဒေစာပိုဒ် ၁ နှင့် ၂၊ အထူးကျွမ်းကျင်တဲ့လုပ်သားများ စံသတ်မှတ်ချက် ဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းများ ဆောင်းပါး ၁)

## ■ အထူးကျွမ်းကျင်တဲ့လုပ်သား အလုပ်သမားခေါ်ယူခြင်း စာချုပ်ချုပ်ဆိုရာတွင် လိုက်နာရမည့် စံသတ်မှတ်ချက်များ

(၁) ဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းမှ ဖော်ပြထားသော ကျွမ်းကျင်မှု လိုအပ်သော နယ်ပယ်တွင် လုပ်ကိုင် စေရမည်။

(၂) အလုပ်ချိန်နာရီသည် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရှိ ပုံမှန်လုပ်သားများရဲ့ အလုပ်ချိန်နာရီနှင့် တူညီရမည်။

(၃) လုပ်အားခလစာသည် အလုပ်ငန်းတူ ဂျပန်လူမျိုး အလုပ်သမားများရဲ့လစာနှင့် အနည်းဆုံး အတူတူဖြစ်ရမည်။

(၄) လုပ်အားခလစာသတ်မှတ်ခြင်း၊ ပညာပေးခြင်းနှင့် သင်တန်းပို့ချခြင်းခံစားခွင့်နှင့် အခြားထောက်ပံ့မှုများကို အသုံးပြုခြင်းများတွင် နိုင်ငံခြားသား ဖြစ်ခြင်းကြောင့် ခွဲခြားဆက်ဆံခြင်းမရှိစေရ။

(၅) မိခင်နိုင်ငံသို့ ယာယီ ပြန်နိုင်ဖို့ ခွင့်ပေးရမည်။

(၆) ယာယီလုပ်သားအဖြစ် လာရောက် လုပ်ကိုင်ခြင်းဖြစ်ပါက ရည်ရွယ်ချက်နှင့် အလုပ်လုပ်ကိုင်ရာ ကာလကို ပြန်လည်သတ်မှတ်ရမည်။

(၇) မိခင်နိုင်ငံသို့ပြန်ရန် စရိတ်မတတ်နိုင်ပါက အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ စီစဉ်ပေးရန် နှင့် စာချုပ်သက်တမ်းပြည့်၍ နေအိမ်သို့ အဆင်ပြေချော့မွေ့စွာ ပြန်နိုင်ရန် အဖွဲ့အစည်းမှ စီစဉ်ပေးရမည်။

(၈) နိုင်ငံခြားသား လုပ်သားများအတွက် ကျန်းမာရေးနှင့် နေမှုထိုင်မှုရေးရာများကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ လိုအပ်သလိုဆောင်ရွက်ပေးရမည်။

(၉) သက်ဆိုင်ရာ နယ်ပယ်အတွက် စံသတ်မှတ်ချက်များကို လိုက်နာရမည်။ (*ယင်းနယ်ပယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြဌာန်းထားသော အသိပေးကြေညာချက်များအတိုင်း)

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း စံသတ်မှတ်ချက်များ (၂)

(ဆောင်းပါး၂-၅၊ အက်ဥပဒေစာပိုဒ် ၃ နှင့် ၄၊ အထူးကျွမ်းကျင်တဲ့လုပ်သားများ စံသတ်မှတ်ချက် ဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းများ ဆောင်းပါး ၂ စာပိုဒ် ၁)

**■ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း ပြည့်မှီရမည့် စံသတ်မှတ်ချက်များ**

(၁) အလုပ်သမားလူမှုရေးအာမခံ နှင့် အခွန်ထမ်းခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများအားလိုက်နာရမည်

(၂) နိုင်ငံခြားသား  အထူးကျွမ်းကျင်တဲ့လုပ်သား အဖြစ်လုပ်ဆောင်နေသော လုပ်သားများ အတင်းအဓမ္မအလုပ်တစ်မျိုးထဲ တစ်နှစ်တာ ကာလအတွင်း အလုပ်ထွက်ခြင်းမရှိအောင် ဆောင်ရွက်ပေးရမည်။

(၃) အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းကို စွတ်စွဲခံရနိုင်သော အကြောင်းပြချက်ဖြင့် တစ်နှစ်အတွင်း လူပျောက်ခြင်း မရှိစေရမည်။

(၄) မည့်သည့် နယ်ပယ်တွင်မှ အရည်အချင်းမပြည့်မှီဘူးခြင်းမရှိရ။ (လွန်ခဲ့သော ငါးနှစ်အတွင်း လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာ သို့မဟုတ် အလုပ်သမားဥပဒေ ချိုးဖောက်ထားခြင်းမရှိရ။)

(၅) နိုင်ငံခြားသား အထူးကျွမ်းကျင်တဲ့လုပ်သားများရဲ့ လုပ်ဆောင်ချက်များနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဖန်တီး၍ အလုပ်ခန့်ထားသည့် စာချုပ်အဆုံးသတ်သည့် နေ့မှစ၍ အနည်းဆုံး တစ်နှစ် ထိန်းသိမ်းထားရမည်။

(၆) နိုင်ငံခြားသား အလုပ်သမားများစီမှ စရံငွေကြိုတင်ကောက်ခံထားပါက အလုပ်အကိုင်စာချုပ်အား မချုပ်ဆိုရ။

(၇) အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း ပြစ်ဒဏ်ကျခံသည့် စာချုပ်များကို မချုပ်ဆိုနိုင်ပါ။

(၈) တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ နိုင်ငံခြားသား အလုပ်သား အပေါ် ကုန်ကျစရိတ်ဝန်ပိစေမည်မဟုတ်။

(၉) အလုပ်ထွက်ခွာမည့် လုပ်သားနှင့်ပတ်သက်ပြီး ထွက်ခွာခဲ့သည့် အဖွဲ့အစည်းသည် သက်ဆိုင်ရာနယ်ပယ်နှင့် ချိတ်ဆက်ပြီး စည်းမျဉ်း (၁) မှ (၄) ကိုလိုက်နာကာ သင့်တော်သလို ဆောင်ရွက်ရမည်။

(၁၀) အလုပ်သမား မတော်တဆဖြစ်မှုအတွက် အာမခံတည်ထောင်ခြင်းဆိုင်ရာ အသိပေးခြင်းများကို လုပ်ဆောင်ရမည်။

(၁၁) အလုပ်ခေါ်ယူခြင်း စာချုပ်အတိုင်း ပြီးပြည့်စုံစေနိုင်ရန် သင့်တော်သောစနစ်တစ်ခုရှိရမည်။

(၁၂) လစာငွေပေးချေရာတွင် ငွေစုအကောင့်တွင်းသို့ တိုက်ရိုက်ပေးချေရမည် စသည်ဖြင့်။

(၁၃) သတ်မှတ်နယ်ပယ်မှ ချမှတ်ထားသော စံသတ်မှတ်ချက်များကို လိုက်နာရမည်။ (*ယင်းနယ်ပယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြဌာန်းထားသော အသိပေးကြေညာချက်များအတိုင်း)

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း စံသတ်မှတ်ချက်များ (၃)

(ဆောင်းပါး၂-၅၊ အက်ဥပဒေစာပိုဒ် ၃၊ အထူးကျွမ်းကျင်တဲ့လုပ်သားများ စံသတ်မှတ်ချက် ဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းများ ဆောင်းပါး ၂ စာပိုဒ် ၂)

**■ အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ ကိုယ်တိုင် ပြည့်မီရမည့် စံသတ်မှတ်ချက်များ (အထောက်အပံ့ပေးသော စနစ်နှင့် ဆက်နွယ်သော)**

*ထောက်ပံ့မှုအားလုံးသည် မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းမှဖြစ်လျှင် အောက်ပါ စံသတ်မှတ်ချက်များကို ပြည့်မီရမည်။

(၁) အောက်ပါအချက်မှတစ်ခုခုနှင့် သက်ဆိုင်၍

(က) လွန်ခဲ့သော ၂နှစ် အတွင်း  နှစ်လည်ပိုင်းမှ ရေရှည်ထိ နေထိုင်သူများအား  (လုပ်ငန်းပိုင်းဆိုင်ရာ အရည်ချင်းရှိ) လက်ခံခြင်းအတွက် မှတ်တမ်းများထားရှိပြီး သင့်တော်သလို စီမံဆောင်ရွက်ပေးရမည်။ အရာရှိများနှင့် အလုပ်သမားများကြား ထောက်ပံ့ပေးသူများနှင့် လက်ထောက်မန်နေဂျာတစ်ဦး ခန့်ထားရမည်။ (အနည်းဆုံး ရုံးတစ်ရုံးတွင် တစ်ယောက်နှုန်း)နှင့်  အရာရှိနှင့် လက်ထောက်မန်နေဂျာသည် တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ခြင်းလည်း ဖြစ်နိုင်သည်)

(ခ) လွန်ခဲ့သော ၂နှစ် အတွင်း  နှစ်လည်ပိုင်းမှ ရေရှည်ထိ နေထိုင်သူများအား (လုပ်ငန်းပိုင်းဆိုင်ရာ အရည်ချင်းရှိ) အကြံပေးဆွေးနွေးနိုင်စေရန် အရာရှိများနှင့် လုပ်သားများကြား ထောက်ပံ့ပေးသူများနှင့် လက်ထောက် မန်နေဂျာတစ်ဦးကို ခန့်အပ်ပြီး ဖြစ်ရမည်။

(ဂ) (က) နှင့် (ခ) ကဲ့သို့ ထောက်ပံ့ရေး လုပ်ဆောင်မှုများကို သင့်တော်စွာ အကောင်အထည်ဖော်နိုင်သော ထောက်ပံ့ပေးသူများ၊ အရာရှိများနှင့် လုပ်သားများကြားတွင် လက်ထောက် မန်နေဂျာ ခန့်ထားပြီး ဖြစ်ရမည်။

(၂) နိုင်ငံခြားလုပ်သားများ အပြည့်အဝနားလည်နိုင်သော ဘာသာစကား ဖြစ်ရန် အတွက် အထောက်အကူဖြစ်စေသော စနစ်တစ်ခုထားရှိရမည်။

(၃) ထောက်ပံ့ရေး လုပ်ဆောင်မှု အသေးစိတ်အချက်အလက်များကို ဖန်တီး၍ အလုပ်ခန့်ထားသည့် စာချုပ်အဆုံးသတ်သည့် နေ့မှစ၍ အနည်းဆုံး တစ်နှစ် ထိန်းသိမ်းထားရမည်။

(၄) လက်ထောက်မန်နေဂျာနှင့် ထောက်ပံ့ပေးသူများသည် အထောက်အပံ့အစီအစဉ်ကို အကောင်ထည်ဖော်နိုင်ပြီး အရည်ချင်းပြည့်မီနေမည်။

(၅) ၅ နှစ်အတွင်း အထောက်အပံ့အစီစဉ်ကို အခြေခံသော ထောက်ပံ့ခြင်းများကို လျစ်လျူမရှုရ။

(၆) လက်ထောက်မန်နေဂျာနှင့် ထောက်ပံ့ပေးသူများက နိုင်ငံခြားသား လုပ်သားများကို ကြီးကြပ်နိုင်ရန် ပုံမှန် မေးဖြေ ဆွေးနွေးမှု စနစ် ထားရှိရမည်။

(၇) သတ်မှတ်နယ်ပယ်မှ ချမှတ်ထားသော စံသတ်မှတ်ချက်များကို လိုက်နာရမည်။ (*ယင်းနယ်ပယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြဌာန်းထားသော အသိပေးကြေညာချက်များအတိုင်း)

# အထောက်အပံ့အစီအစဉ် စံနှုန်းများ

(ဆောင်းပါး၂-၅၊ အက်ဥပဒေစာပိုဒ် ၆၊ ၇၊ ၈ နှင့် အထူးကျွမ်းကျင်တဲ့လုပ်သားများ စံသတ်မှတ်ချက် ဝန်ကြီးဌာန စည်းမျဉ်းစည်းကမ်းများ ဆောင်းပါး ၃ စာပိုဒ် ၄)

## ■ အထောက်အပံ့အစီအစဉ် ဆိုင်ရာ စံသတ်မှတ်ချက်များ

(၁) အထောက်အပံ့အစီအစဉ်တွင် အောက်ပါအချက် (က) မှ (စ) ထိ လုပ်ဆောင်ရန်

(က) ထောက်ပံ့ရေး အသေးစိတ်အချက်လက်များ

- ဂျပန်တွင် သတိပြုစရာများနှင့် ပြည်ဝင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များ ပေးရန်။
- ပြည်တွင်းဆိုက်ရောက်ချိန်နှင့် ထွက်ခွာချိန်တွင် လေဆိပ်တွင် ကြိုပို့ပေးရန်။
- ဖုန်းအသုံးပြုခြင်း၊ ဘဏ်အကောင့်ဖွင့်ခြင်းကဲ့သို့ လိုအပ်ရာများ ၊အိမ်ငှားရမ်းခြင်းတွင် အာမခံများအဖြစ် ဆောင်ရွက်ခြင်းဖြင့် လိုအပ်သလို ကူညီပေးရန်။
- ဂျပန်တွင် လူမှုနေထိုင်ပုံများဆိုင်ရာ အချက်အလက်များကို ပြည်တွင်းသို့ ရောက်ရှိပြီးနောက် ဖော်ပြကူညီပေးရန်။
- မှတ်ပုံတင်ခြင်း လုပ်ငန်းများတွင် နိုင်ငံခြားသား လုပ်သားများကို အဖော်ပြု ကူညီပေးရန် စသည်ဖြင့်။
- နေ့စဉ်ဘဝအတွက် လိုအပ်သော ဂျပန်စာလေ့လာရန် အခွင့်အလမ်းများရန်။
- ကမ်းလှမ်းချက်များ တိုင်ပင်ဆွေးနွေးခြင်း၊ တိုင်ကြားမှုများအပေါ် ကိုယ်တွယ်ဖြေရှင်းခြင်း၊ အကြံဉာဏ်ပေးခြင်းနှင့် လမ်းညွှန်ပြသခြင်း
- နိုင်ငံခြားသားလုပ်သားများနှင့် ဂျပန်ဒေသခံများ ဖလှယ်နိုင်ရန် ထောက်ပံ့ကူညီပေးရန်။
- နိုင်ငံခြားသားဖြစ်ခြင်းနှင့်မဆိုင်ပဲ အလုပ်စာချုပ်ဖြတ်သိမ်းရန် ဖြစ်လာသောအခါ အလုပ်သစ်ရှာနိုင်ရန် ထောက်ပံ့ကူညီပေးရန်။
- အလုပ်သမားဆိုင်ရာ ဥပဒေချိုးဖောက်မှုများ ကြုံလာသောအခါ သက်ဆိုင်ရာ အုပ်ချုပ်ရေး ကိုယ်စားလှယ်များ သတိမူမိစေရန် နှင့် သူတို့ကို ကြီးကြပ်ပေးရန် လက်ထောက်မန်နေဂျာနှင့် ထောက်ပံ့ပေးသူများသည် နိုင်ငံခြားသားများနှင့် မှန်မှန် တွေ့ဆုံရန် စသည်ဖြင့်။

(ခ) ထောက်ပံ့မှုအားလုံးသည် ပြင်ပမှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းမှဖြစ်လျှင် စာချုပ် အသေးစိတ်အချက်များ ကို ရယူရန်

(ဂ) မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းထက် နိုင်ငံခြားရေးပါတီနှင့် အခြားအဖွဲ့အစည်းမှဖြစ်ပါက ယင်းနှင့်ချုပ်ဆိုသော စာချုပ်ကို အသေးစိတ် ရယူရန်

(ဃ) လက်ထောက်မန်နေဂျာ နှင့် ထောက်ပံ့ပေးသူများ နာမည်နှင့် ရာထူး

(စ) သက်ဆိုင်ရာနယ်ပယ် အသေးစိတ် ကိစ္စရပ်များ

(၂) အထောက်အပံ့အစီအစဉ်များကို ဂျပန်ဘာသာနှင့် နိုင်ငံခြားသားလုပ်သားများ အပြည့်အဝနားလည်နိုင်သော ဘာသာစကားဖြင့် ဖန်တီးပြီး ထားသည်။

(၃) နိုင်ငံခြားသားများတွက် သင့်တော်စွာနေထိုင်နိုင်ရန် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းမှ သင့်တော်စွာ ထောက်မကူညီသည်။

(၄) ဂျပန်နိုင်ငံသို့ လာရောက်ခြင်းနှင့်သက်ဆိုင်သည့် သတင်းအချက်လက်များကို လူကိုယ်တိုင်ဖြစ်စေ ဗီဒီယို ဖြင့်ဖြစ်စေ ပေးသိနိုင်ရန် စီစဉ်သည်။

(၅) အကြံပေးခြင်း ပြဿနာဖြေရှင်းပေးခြင်းကဲ့သို့ သတင်းပေးထောက်ပံ့ရေး လုပ်ဆောင်မှုများကို နိုင်ငံခြားသားလုပ်သားများ နားလည်သည့် ဘာသာစကားဖြင့်စီစဉ်ပေးသည်။

(၆) ထောက်ပံ့မှုများသည် တခြားအဖွဲ့အစည်းမှဖြစ်လျှင် ကုန်စည်တင်ပို့ခြင်းကို ရှင်းလင်းစွာ သတ်မှတ်ထားသည်။

(၇) သတ်မှတ်နယ်ပယ်မှ ချမှတ်ထားသော စံသတ်မှတ်ချက်များကို လိုက်နာရမည်။ (*ယင်းနယ်ပယ်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြဌာန်းထားသော အသိပေးကြေညာချက်များအတိုင်း)

## (အက်ဥပဒေ ပုဒ်မ ၁၉-၂၆၊ အာဏာတည်ခြင်းဥပဒေ ပုဒ်မ ၅၊ အာဏာတည်ခြင်းစည်းမျဉ်းများရဲ့ဆောင်းပါး ၁၉-၂၀ နှင့် ၁၉-၂၁)

### ■ မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ရသည့်အကြောင်းရင်းများ

* အောက်ဖော်ပြပါ မှတ်ပုံတင်ခြင်းကို ငြင်းပယ်ရသည့်အကြောင်းပြချက်များက ကိုယ်နှင့်မသက်ဆိုင်လျှင် ကော်ပိုရေးရှင်းအနေနဲ့ဖြစ်စေ၊ တစ်ဦးချင်းစီဖြစ်စေ မှတ်ပုံတင်နိုင်ပါတယ်။

(၁) သက်ဆိုင်ရာဥပဒေများအရ အပြစ်ပေးခြင်းခံရပြီး ၎င်းအနေဖြင့် လွန်ခဲ့သော (၅) နှစ်တာ ကာလအတွင်း ထိုကဲ့သို့သော ပြစ်ဒဏ်စီရင်ခြင်း (သို့) စီရင်ချက်အဆုံးသတ်ခြင်း ပြီးစီးခဲ့သည့် ပါတီများ

(၂) ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ပျက်ပြားမှုတို့ကြောင့် အထောက်အပံ့များကို စနစ်တကျ မထောက်ပံ့နိုင်သည့် (သို့)ဒေဝါလီခံခြင်း တရားစွဲဆိုမှုကို စတင်ရန် ဆုံးဖြတ်ချက်အရ ပြန်လည်တည်ထောင်ခြင်းမရှိသော ပါတီများ

(၃) မှတ်ပုံတင်ထားတဲ့ပံ့ပိုးမှုအဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ပုံတင်ထားပေမယ့် လွန်ခဲ့သော ၅ နှစ်အတွင်းဖျက်သိမ်းခဲ့သည့် ပါတီများ (ကော်ပိုရေးရှင်းများရဲ့ အရာရှိများ၊ ဖျက်သိမ်းခံခဲ့ရသော ပုဂ္ဂိုလ်များအပါအဝင်)

(၄) လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဥပဒေများ ချိုးဖောက်ပြီး (သို့) မှတ်ပုံတင်ရန် လျှောက်လွှာတင်ပြီး ၅ နှစ်အတွင်း သိသိသာသာ မတရားသည့်လုပ်ရပ်များ ကျူးလွန်ခဲ့သော ပါတီများ

(၅) ဖွဲ့စည်းထားသော ရာဇဝတ်မှုအဖွဲ့ဝင်များကို ဖယ်ရှားရန်အတွက် သတ်မှတ်ထားသော အကြောင်းပြချက်များနှင့် သက်ဆိုင်သော ပါတီများ

(၆) အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း (သို့) အကောင်အထည်ဖော်သည့်အဖွဲ့အစည်း ရဲ့နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း စနစ်ကို လက်ခံသည့် သင်တန်းနည်းပြများအနေဖြင့် လွန်ခဲ့သောနှစ်က လူများအား ပျောက်ဆုံးခွင့်ပြုခဲ့သော ပါတီများ

(၇) လက်ထောက်မန်နေဂျာ (သို့) ထောက်ပံ့ပေးသူများခန့်အပ်ခြင်း မရှိသေးသော ပါတီများ (လက်ထောက်မန်နေဂျာနှင့် ပံ့ပိုးမှုက တစ်ပြိုင်နက်တည်းလုပ်ဆောင်နိုင်သည်)

(၈) အောက်ဖော်ပြပါတို့နှင့် မကိုက်ညီသော ပါတီများ

(က) လွန်ခဲ့သော ၂ နှစ်အတွင်းမှ အလယ်အလတ်နှင့်ရေရှည်နေထိုင်သူများ (အလုပ်အရည်အချင်းများနှင့်သာ)ကို လက်ခံပြီး စနစ်တကျစီမံခန့်ခွဲမှုရှိကြောင်း သက်သေထူသည့် ပါတီများ

(ခ) လွန်ခဲ့သော ၂ နှစ်တာ ကာလအတွင်း ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများအား အတိုင်ပင်ခံဝန်ဆောင်မှု အမျိုးမျိုးပေးတဲ့ အတွေ့အကြုံရှိသော ပါတီများ။

(ဂ) လွန်ခဲ့တဲ့ ၅ နှစ်အတွင်းမှာရှိတဲ့ ၂ နှစ်ကာလအတွက် သက်တမ်းနှင့်နှစ်ရှည်နေထိုင်သူများ (အလုပ်အရည်အချင်းများနှင့်သာ) အတွက် လက်ထောက်မန်နေဂျာများ (သို့) ထောက်ပံ့ပေးသူများက ဘဝနှင့်သက်ဆိုင်သော တိုင်ပင်ဆွေးနွေးမှု ဝန်ဆောင်မှုများကို ထောက်ပံ့ပေးတဲ့ အတွေ့အကြုံများစွာရှိတဲ့ ပါတီများ။

(ဃ) ထောက်ပံ့ပေးမှုလုပ်ငန်းများကို (က) မှ (ဂ) အတိုင်းအတာအထိ စနစ်တကျလုပ်ဆောင်နိုင်သည့် ပါတီများ

(၉) အချက်အလက်များနှင့် တိုင်ပင်ညှိနှိုင်းခြင်းစတဲ့ စသည်ဖြင့် အထောက်အပံ့များပေးသည့်စနစ်တစ်ခုကို တည်ထောင်ထားခြင်းမရှိသော၊ နိုင်ငံခြားသားများအား သူတို့ အပြည့်အဝ နားလည်နိုင်သည့် ဘာသာစကားဖြင့် မကူညီနိုင်တဲ့ ပါတီများ

(၁၀) ပံ့ပိုးမှုလုပ်ငန်းများ လုပ်ဆောင်မှုအခြေအနေရဲ့စာရွက်စာတမ်းများကို လုပ်ဆောင်ထားခြင်းမရှိခြင်း၊ အလုပ်ခန့်စာချုပ်ပြီးဆုံးသည့် နေ့မှစ၍ တစ်နှစ် (သို့) ထိုထက်မကသောအတိုင်းအတာတစ်ခုအထိ ထိုအရာများကို မထိန်းသိမ်းထားသော ပါတီများ

(၁၁) လက်ထောက်မန်နေဂျာ (သို့) ထောက်ပံ့ပေးရဲ့အချို့သော ထင်မြင်ယူဆချက်ကြောင့် အရည်အချင်းမပြည့်မှီတော့တဲ့ ပါတီများ

(၁၂) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ နိုင်ငံခြားသားများကို ထောက်ပံ့ရန် လိုအပ်သောကုန်ကျစရိတ်များဖြင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် ပါတီများ

(၁၃) ထောက်ခံစာချုပ်များချုပ်ဆိုရာတွင် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ကုန်ကျစရိတ် အသေးစိတ်ပမာဏကို မပြနိုင်သော ပါတီများ

# နိုင်ငံခြားသားများ လက်ခံမှုနှင့် အတူယှဉ်တွဲနေထိုင်ဘို့ ပြည့်စုံတဲ့ဆောင်ရွက်ချက်များ

# နိုင်ငံခြားလုပ်သားများလက်ခံခြင်းရဲ့ဖွဲ့စည်းပုံစနစ်



## နိုင်ငံခြားသားများ လက်ခံမှုနှင့် အတူယှဉ်တွဲနေထိုင်ဘို့ ပြည့်စုံတဲ့ဆောင်ရွက်ချက်များ

လူမှုရေးဆိုင်ရာပေါင်းစည်းမှုအတွင်း နိုင်ငံခြားသားများကို စနစ်တကျ လက်ခံခြင်းက ဂျပန်လူမျိုးများနှင့် နိုင်ငံခြားသားများ သက်တောင့်သက်သာနှင့်လုံခြုံစွာ အတူတကွနေထိုင်နိုင်ခြင်းအားဖြင့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်တယ်ဆိုတာ သဘောပေါက်နိုင်ခြင်း (၁၇၂ အစီအစဉ်၊ ယန်း ၂၄.၅ ဘီလီယံ)

- နိုင်ငံခြားသားများရဲ့သဟဇာတဖြစ်တည်မှုအတွက် လူ့ဘောင်အဖွဲ့အစည်းကို အကောင်အထည်ဖော်ရန်အတွက် ထင်မြင်ချက်များနှင့် ဗဟုသုတများကြားနာခြင်း
- နိုင်ငံခြားလုပ်သားများကို လျောက်ပတ်စွာနှင့် ချောမွေ့စွာလက်ခံခြင်းကိုမြှင့်တင်ရန်
- နိုင်ငံခြားသားများအတွက် ထောက်ပံ့မှု
- ဆောက်လုပ်ရေးသမားအတွက် နေထိုင်ခွင့်အခြေအနေ စနစ်သစ်

## လူဝင်မှုကြီးကြပ်ရေး နှင့် ဒုက္ခသည်အသိအမှတ်ပြုမှုအက်ဥပဒေ



ကာလတိုလည်ပတ်သူများ (ခရီးသည် စသည်ဖြင့်)



နိုင်ငံတကာကျောင်းသားများ စသည်ဖြင့်




ဂျပန်အိမ်ထောင်ဖက် စသည်ဖြင့်



အရည်ချင်းပြည့်မီတဲ့နိုင်ငံခြားသား အလုပ်သမားများ (အထူးပြုနှင့်နည်းပညာနယ်ပယ်များ)

- အစိုးရရဲ့ အခြေခံမူဝါဒ
- သက်ဆိုင်တဲ့ လုပ်ငန်းနယ်ပယ်ရဲ့ မူဝါဒများ (နယ်ပယ် ၁၄ ခု)



ပြည်ပ
အထူးကျွမ်းကျင်တဲ့
လုပ်သား

**အသစ်**

## နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် သင်တန်း အက်ဥပဒေ



နည်းပညာပိုင်းဆိုင်ရာ အလုပ်သင်များ

# နိုင်ငံခြားသားများ လက်ခံမှုနှင့် အတူယှဉ်တွဲနေထိုင်ဘို့ ပြည့်စုံတဲ့ဆောင်ရွက်ချက်များ (ပြန်လည်ပြင်ဆင်ထားသော) 【အောက်လိုင်း】

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အစိုးရသည် "နိုင်ငံခြားသားများ လက်ခံမှုနှင့် အတူယှဉ်တွဲနေထိုင်ဘို့ ပြည့်စုံတဲ့ဆောင်ရွက်ချက်များ အစပျိုးမှုတိုးမြှင့်ခြင်း" လုပ်ဆောင်ဖို့ ဆုံးဖြတ်ခဲ့သည်။ ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ဆုံးဖြတ်ခဲ့တဲ့ "နိုင်ငံခြားသားများ လက်ခံမှုနှင့် အတူယှဉ်တွဲနေထိုင်ဘို့ ပြည့်စုံတဲ့ဆောင်ရွက်ချက်များ"ကို အစိုးရက ပြည့်စုံတဲ့ဆောင်ရွက်ချက်များကို ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အေဂျင်စီများက ပြည့်စုံတဲ့ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ခြင်းနှင့် မြှင့်တင်ရန် စဉ်ဆက်မပြတ် အတူတကွ လုပ်ဆောင်ပါလိမ့်မယ်။

(၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀၊ နိုင်ငံခြားသားများအား လက်ခံမှုနှင့် အတူယှဉ်တွဲနေထိုင်ရေးဆိုင်ရာ ဝန်ကြီးဌာန)

## နိုင်ငံခြားသားများကိုသင့်လျော်စွာ၊ ချောမွေ့စွာ လက်ခံမှုကို မြှင့်တင်ရန်ရည်ရွယ်ချက်

**(မြို့ပြနေရိယာများနှင့် အခြားသတ်သတ်မှတ်မှတ်ဒေသများရှိ အထူးကျွမ်းကျင်တဲ့လုပ်သားများရဲ့အာရုံစူးစိုက်မှုကို ကာကွယ်တားဆီးဖို့ဆောင်ရွက်ချက်၊ အထူးကျွမ်းကျင်တဲ့လုပ်သားရဲ့ကျွမ်းကျင်ခြင်းစမ်းသပ်မှု ကိုချောမွေ့စွာ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်)**

-**ဒေသတွင်းရှိကုမ္ပဏီများနှင့် အလုပ်အကိုင်ရှာဖွေနေတဲ့ နိုင်ငံခြားအလုပ်သမားများအား ဆက်သွယ်ပေးသည့်အလုပ်နှင့် လိုက်ဖက်သည့်အထောက်အပံ့များကိုတိုးမြှင့်ခြင်း** (သူနာပြုစောင့်ရှောက်မှုလုပ်ငန်းတွင် အလုပ်လုပ်သော ဒေသအစိုးရများအတွက် ငွေကြေးထောက်ပံ့မှု၊ အလုပ်ကမ်းလှမ်းချက်များကို စေ့စပ်ညှိနှိုင်းခြင်းနှင့် ဆောက်လုပ်ရေးနယ်ပယ်ရှိ အထူးကျွမ်းကျင်တဲ့လုပ်သားများ ကော်ပိုရေးရှင်းများစမ်းသပ်ခြင်းမှ အလုပ်အကိုင်ရှာဖွေခြင်း၊ ဒေသအစိုးရများနှင့် ပြည်သူ့အလုပ်အကိုင်လုံခြုံမှုရုံးများ (Hello Work) အကြားပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စံပြစီမံကိန်းရဲ့ ပံ့စံ။)

-**တက်ကြွစွာ စေတနာ့ဝန်ထမ်းခြင်း၊ ဒေသတွင်းပြန်လည်ရှင်သန်မှုတိုးမြှင့်ခြင်း အတွက် ထောက်ပံ့ငွေအစီအစဉ် မှတစ်ဆင့် ဒေသအစိုးရများမှာ တက်ကြွစွာ ဦးဆောင်ကြိုးပမ်းခြင်း.** (ရည်ညွှန်းမှုအစုအဝေးများ၊ အလျားလိုက်ဖြန့်ကျက်မှု၊ စသည်ဖြင့်)

-**အထူးကျွမ်းကျင်တဲ့လုပ်သား ကျွမ်းကျင်ခြင်းစမ်းသပ်မှု ကိုပြုလုပ်ရန်အခွင့်အလမ်းတိုးချဲ့ပါ။** (ယာယီလည်ပတ်ပြီး စာမေးပွဲဖြေဆိုနိုင်ခြင်း၊ ဂျပန်ဘာသာစကားစာမေးပွဲတွင် လိမ်လည်မှုကိုဂရုတစိုက်ကာကွယ်ခြင်း)

## နိုင်ငံခြားသားများကို နေထိုင်သူများအဖြစ် ထောက်ခံခြင်း

| Shikoku သယ်ယူပို့ဆောင်ရေးဗျူရို | 3-33 Sunport, Takamatsu, Kagawa<br>ခရီးသွားလုပ်ငန်း ဦးစီးဌာန ခရီးသွားစီမံကိန်းဌာနခွဲ | ဖုန်း ၀၈၇-၈၀၂-၆၇၃၅ |
| Kyushu သယ်ယူပို့ဆောင်ရေးဗျူရို | 2-11-1 Hakata Station East, Hakata-ku, Fukuoka City, Fukuoka<br>ခရီးသွားလုပ်ငန်း ဦးစီးဌာန ခရီးသွားစီမံကိန်းဌာနခွဲ | ဖုန်း ၀၉၂-၄၇၂-၂၃၃၀ |
| အိုကီနာဝါ အထွေထွေအတွင်းရေးမှူးဌာန | 2-1-1 Omoromachi, Naha, Okinawa<br>ပို့ဆောင်ရေးဌာနစီမံကိန်းရုံး | ဖုန်း ၀၉၈-၈၆၆-၁၈၁၂ |

(ကားပြုပြင်ထိန်းသိမ်းခြင်း)

| အေဂျင်စီအမည်များ | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MLIT မော်တော်ယာဉ်ဗျူရို | 2-1-3 Kasumigaseki, Chiyoda-ku, Tokyo | ဖုန်း ၀၃-၅၂၅၃-၈၁၁၁<br>(၄၂၄၂၆၊ ၄၂၄၁၄) |

(လေကြောင်း)

| အေဂျင်စီအမည်များ | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MLIT လေကြောင်းဗျူရို | 2-1-3 Kasumigaseki, Chiyoda-ku, Tokyo<br>လေကြောင်းကွန်ယက်ဦးစီးဌာန<br>လေကြောင်းကွန်ယက်စီမံကိန်းဌာနခွဲ<br>(လေဆိပ်မြေပြင်ပိုင်းဆိုင်ရာလုပ်ငန်း)<br>ဘေးကင်းလုံခြုံရေးဌာနစစ်ဆင်ရေး<br>အန္တရာယ်ကင်းရှင်းရေးဌာနအမှုထမ်း ပေါ်လစီရုံး<br>(လေယာဉ်ပြုပြင်ထိန်းသိမ်းမှု) | ဖုန်း ၀၃-၅၂၅၃-၈၁၁၁<br>(တစ်ဆင့်- ၄၉၁၁၄)<br>(တစ်ဆင့်- ၅၀၁၃၇) |

# "အထူးကျွမ်းကျင်တဲ့လုပ်သား" နေထိုင်ခွင့်အခြေအနေနှင့် ပတ်သတ်၍ စုံစမ်းမေးမြန်းလိုပါက ဆက်သွယ်ရန်

(စိုက်ပျိုးရေး)

| အေဂျင်စီအမည်များ | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MAFF ငါးဖမ်းလုပ်ငန်းဗျူရို | 1-2-1 Kasumigaseki, Chiyoda-ku, Tokyo<br>လယ်ယာနှင့်အမျိုးသမီးဌာန | ဖုန်း ၀၃-၆၇၄၄-၂၁၆၂ |
| ဟော့ကိုင်းဒို စိုက်ပျိုးရေးဗျူရို | 2-22 South 22 West 6 Chuo-ku, Sapporo, Hokkaido<br>ထုတ်လုပ်ခြင်းစီမံခန့်ခွဲမှု စက်မှုလုပ်ငန်းများ ဌာနခေါင်းဆောင်ဖွံ့ဖြိုးရေးဌာန | ဖုန်း ၀၁၁-၃၃၀-၈၈၀၉ |
| Tohoku စိုက်ပျိုးရေးဗျူရို | 3-3-1 Honcho, Aoba-ku, Sendai, Miyagi<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၂၂-၂၂၁-၆၂၁၇ |
| Kanto စိုက်ပျိုးရေးဗျူရို | 2-1 Shintoshin, Chuo-ku, Saitama City, Saitama<br>Saitama Shintoshin Government Bldg. No. 2<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၄၈-၇၄၀-၀၃၉၄ |
| Hokuriku စိုက်ပျိုးရေးဗျူရို | 2-2-60 Hirosaka, Kanazawa, Ishikawa<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၇၆-၂၃၂-၄၂၃၈ |
| Tokai စိုက်ပျိုးရေးဗျူရို | 1-2-2 Sannomaru, Naka-ku, Nagoya, Aichi<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၅၂-၂၂၃-၄၆၂၀ |
| Kinki စိုက်ပျိုးရေးဗျူရို | Nishinotointsu Shimochojamachi, Sagaru Chojiburochou, Kamigyo-ku, Kyoto City, Kyoto<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၇၅-၄၁၄-၉၀၅၅ |
| Chugoku Shikoku စိုက်ပျိုးရေးဗျူရို | 1-4-1 Shimoishii, Kita-ku, Okayama City, Okayama<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၈၆-၂၂၄-၈၈၄၂ |
| Kyushu စိုက်ပျိုးရေးဗျူရို | 2-10-1 Kasuga, Nishi-ku, Kumamoto City, Kumamoto<br>စီမံခန့်ခွဲမှုနှင့်စီးပွားရေးအထောက်အကူပြုဌာန<br>စီမံခန့်ခွဲမှုအထောက်အကူဌာန | ဖုန်း ၀၉၆-၃၀၀-၆၃၇၅ |
| အိုကီနာဝါ အထွေထွေ အတွင်းရေးမှူးဌာန | 2-1-1 Omoromachi, Naha, Okinawa<br>Naha Regional Government Bldg. No. 2<br>MAFF စီမံခန့်ခွဲမှုဌာန | ဖုန်း ၀၉၈-၈၆၆-၁၆၂၈ |

(ငါးလုပ်ငန်း)

| အေဂျင်စီအမည်များ | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MAFF ငါးဖမ်းလုပ်ငန်း အေဂျင်စီ | 1-2-1 Kasumigaseki, Chiyoda-ku, Tokyo<br>စီမံကိန်းဌာနခွဲ ငါးလုပ်ငန်းအလုပ်သမားအဖွဲ့ | ဖုန်း ၀၃-၆၇၄၄-၂၃၄၀ |

(သူနာပြုစောင့်ရှောက်မှုလုပ်ငန်း)

| | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MHLW လူမှုရေးအထောက်ကူပြုဗျူရို | 1-2-2 Kasumigaseki, Chiyoda-ku, Tokyo<br>လူမှုဝန်ထမ်း အလုပ်သမားများအတွက်ရုံး | ဖုန်း ၀၃-၅၂၅၃-၁၁၁၁<br>(တစ်ဆင့်- ၂၁၂၅၊ ၃၁၄၆) |

(စက်မှုစက်ရုံလုပ်ငန်း)

| | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| METI စက်မှုလုပ်ငန်း ထုတ်လုပ်ရေးဗျူရို | 1-3-1 Kasumigaseki, Chiyoda-ku, Tokyo<br>စက်မှုစက်ပစ္စည်းဌာနခွဲ | ဖုန်း ၀၃-၃၅၀၁-၁၆၉၁ |
| (ကုန်ထုတ်လုပ်မှုနယ်ပယ် ၃ ခုစလုံး) | 1-3-1 Kasumigaseki, Chiyoda-ku, Tokyo<br>အထွေထွေရေးရာဌာန | ဖုန်း ၀၃-၃၅၀၁-၁၆၈၉ |

(သတ္တုများပုံသွန်းခြင်း)

| | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| METI ကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းဗျူရို | 1-3-1 Kasumigaseki, Chiyoda-ku, Tokyo<br>Molding ပစ္စည်းများ စက်မှုလုပ်ငန်းရုံး | ဖုန်း ၀၃-၃၅၀၁-၁၀၆၃ |
| (ကုန်ထုတ်လုပ်မှုနယ်ပယ် ၃ခုစလုံး) | 1-3-1 Kasumigaseki, Chiyoda-ku, Tokyo<br>အထွေထွေရေးရာဌာန | ဖုန်း ၀၃-၃၅၀၁-၁၆၈၉ |

(လျှပ်စစ်၊ အီလက်ထရောနစ် နှင့် သတင်းအချက်အလက်ဆိုင်ရာလုပ်ငန်း)

| | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| METI စီးပွားရေးနှင့် သတင်းအချက်အလက်မူဝါဒဗျူရို | 1-3-1 Kasumigaseki, Chiyoda-ku, Tokyo<br>ပြန်ကြားရေး စက်မှုလုပ်ငန်းဌာနခွဲ | ဖုန်း ၀၃-၃၅၀၁-၆၉၄၄ |
| (ကုန်ထုတ်လုပ်မှုနယ်ပယ် ၃ခုစလုံး)<br>METI ကုန်ထုတ်လုပ်မှု စက်မှုလုပ်ငန်းဗျူရို | 1-3-1 Kasumigaseki, Chiyoda-ku, Tokyo<br>အထွေထွေရေးရာဌာန | ဖုန်း ၀၃-၃၅၀၁-၁၆၈၉ |

(စားသောက်ဆိုင်များ)

| အေဂျင်စီအမည်များ | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MAFF စားသောက်ကုန်လုပ်ငန်းဗျူရို | 1-2-1 Kasumigaseki, Chiyoda-ku, Tokyo<br>အစားအစာယဉ်ကျေးမှုနှင့် ဈေးကွက်ဖွံ့ဖြိုးရေးဌာန | ဖုန်း ၀၃-၆၇၄၄-၇၁၇၇ |

(စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း)

| အေဂျင်စီအမည်များ | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MAFF စားသောက်ကုန်လုပ်ငန်းဗျူရို | 1-2-1 Kasumigaseki, Chiyoda-ku, Tokyo<br>အစားအစာထုတ်လုပ်မှုဌာနခွဲ | ဖုန်း ၀၃-၆၇၄၄-၇၁၈၀ |

(အဆောက်အဦးသန့်ရှင်းရေးလုပ်ငန်း)

| | လိပ်စာ/ဌာန | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| MHLW ဆေးဝါးနှင့်ကျန်းမာရေး ဝန်ဆောင်မှုများဗျူရို | 1-2-2 Kasumigaseki, Chiyoda-ku, Tokyo<br>ကျန်းမာရေးနှင့် သန့်ရှင်းရေးဌာန | ဖုန်း ၀၃-၅၂၅၃-၁၁၁၁<br>(တစ်ဆင့် ၂၄၃၂) |

“အထူးကျွမ်းကျင်တဲ့လုပ်သား” နေထိုင်ခွင့်အခြေအနေနှင့် ပတ်သတ်၍ စုံစမ်းမေးမြန်းလိုပါက ဆက်သွယ်ရန်


**(အထူးကျွမ်းကျင်တဲ့လုပ်သားများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ(Memorandum of Cooperation)တွင် လက်မှတ်ထိုးထားသောနိုင်ငံများအတွက် ဆက်သွယ်ရန်စာရင်း)**


| နိုင်ငံအမည် | ဆက်သွယ်ရန် | | လိပ်စာများစသည်ဖြင့် | | | | | ရရှိနိုင်သည့်ဘာသာစကားများ |
|---|---|---|---|---|---|---|---|---|
| | | | စာပို့သင်္ကေတ | လိပ်စာ | ဖုန်း | ဖက်စ် | အီးမေးလ်လိပ်စာ | |
| ဖိလစ်ပိုင် | ဂျပန်တွင် | ဂျပန်နိုင်ငံရှိဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး ပြည်ပအလုပ်သမားရုံး **http://polotokyo.dole.gov.ph/** | ၁၀၆-၈၅၃၇ | 5-15-5 Roppongi, Minato-ku, Tokyo | ၀၃-၆၄၄၁-၀၄၂၈<br>၀၃-၆၄၄၁-၀၄၇၈ | ၀၃-၆၄၄၁-၃၄၃၆ | polotokyo@gmail.com | အင်္ဂလိပ်၊ ဖိလစ်ပိုင် |
| | ပြည်ပတွင် | ဖိလစ်ပိုင်နိုင်ငံရပ်ခြားအလုပ်အကိုင်အုပ်ချုပ်ရေး အလုပ်အကိုင်အခွင့်အလမ်းဝန်ဆောင်မှုရုံး **http://poea.gov.ph/** | ၁၅၅၀ | Blas F. Ople Building Ortigas Avenue corner EDSA Mandaluyong City | +၆၃၂-၇၂၂-၁၁၆၂ | - | marketdev@poea.gov.ph | အင်္ဂလိပ်၊ ဖိလစ်ပိုင် |
| ကမ္ဘောဒီးယား | ဂျပန်တွင် | ဂျပန်နိုင်ငံရှိကမ္ဘောဒီးယားနိုင်ငံသံရုံး | ၁၀၇-၀၀၅၂ | 8-6-9 Akasaka, Minato-ku, Tokyo | ၀၃-၅၄၁၂-၈၅၂၁<br>၀၁၀-၃၄၅၉-၇၈၈၉ | ၀၃-၅၄၁၂-၈၅၂၆ | camemb.jpn@mfaic.gov.kh<br>rithy_bbajp@yahoo.com | ဂျပန်၊ အင်္ဂလိပ်၊ ခမာ |
| | ပြည်ပတွင် | ကမ္ဘောဒီးယားနိုင်ငံ အလုပ်သမားနှင့် အလုပ်သင်တန်းဝန်ကြီးဌာန | - | Building #3,Russian Federation Blvd., Sangkat Teklaak I, Khan Toulkok Phnom Penh, Kingdom of Cambodia | +၈၅၅-၂၃၈၈၀၄၇၄<br>+၈၅၅-၇၈၄၄၉၉၅၉ | - | sopheakhoung@yahoo.com | အင်္ဂလိပ်၊ ခမာ |
| မွန်ဂိုလီးယား | ဂျပန်တွင် | ဂျပန်နိုင်ငံရှိမွန်ဂိုလီးယားသံရုံး | ၁၅၀-၀၀၄၇ | 21-4 Kamiyamacho, Shibuya-ku, Tokyo | ၀၃-၃၄၆၉-၂၀၈၈ | ၀၃-၃၄၆၉-၂၂၁၆<br>၀၃-၃၄၆၉-၂၁၉၂ | tokyo@mfa.gov.mn | ဂျပန်၊ အင်္ဂလိပ်၊ မွန်ဂို |
| | ပြည်ပတွင် | အလုပ်သမားနှင့်လူမှုဖူလုံရေး ဝန်ဆောင်မှုများအတွက်အထွေထွေရုံး | ၁၇၀၄၂ | General Office for Labour and Social Welfare Services Building, Chinggis Avenue, 2nd khoroo, Khan-Uul district, Ulaanbaatar city, Mongolia | +၉၇၆-၇၇၁၂-၁၂၈၅ | +၉၇၆-၇၀၁၃၆၉၉၀ | ssw@hudulmur-halamj.gov.mn | အင်္ဂလိပ်၊ မွန်ဂို<br>*၂၀၁၉ စက်တင်ဘာလ ကနေ ဂျပန်ဘာသာစကားဖြင့် ရရှိနိုင်ပါသည်။ |
| မြန်မာ | ဂျပန်တွင် | ဂျပန်နိုင်ငံရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး | ၁၄၀-၀၀၀၁ | 4-8-26 Kita-Shinagawa, Shinagawa-ku, Tokyo | ၀၃-၃၄၄၁-၉၂၉၁ | ၀၃-၃၄၄၇-၃၃၉၅ | contact@myanmar-embassy-tokyo.net | ဂျပန်၊ မြန်မာ၊ အင်္ဂလိပ် |
| | ပြည်ပတွင် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | (အတည်ပြုထားခြင်း) | | | | | |

[အညွှန်း- “နိုင်ငံခြားသားအလုပ်သမားအသစ်လက်ခံခြင်း (အထူးကျွမ်းကျင်တဲ့လုပ်သား နေထိုင်ခွင့်အခြေအနေ အတွက်အုတ်မြစ်)” တရားရေးဝန်ကြီးဌာနရဲ့ဝက်ဆိုဒ်]
http://www.moj.go.jp/nyuukokukanri/kouhou/nyuukokukanri05_00021.html

# ဒေသတွင်း ဧရိယာများတွင် အလုပ်လုပ်ရခြင်း အကျိုးကျေးဇူးများ (နေထိုင်မှု ကုန်ကျစရိတ် အဆင့် စသည်ဖြင့်)

## လစဉ် အိမ်ငှားခ







* ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေးစာရင်းအင်းဗျူရို အိမ်ယာစာရင်အင်း ၂၀၁၃ မှ ကောက်နုတ်သည်။

## လစဉ် နေထိုင်မှု ကုန်ကျစရိတ်






*ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး စာရင်းအင်းဗျူရို အိမ်ထောင်စု စစ်တမ်း (၂၀၁၇၊ နယ်မြေအသီးသီးရှိ အိမ်ထောင်စုတစ်စုရဲ့ဝင်ငွေနှင့် ထွက်ငွေ)

*နေထိုင်စရိတ်သည် အစားအစာ၊ အဝတ်အထည်၊ ဖိနပ်နှင့် ကျမ်းမာရေးစောင့်ရှောက်မှု စုစုပေါင်းဖြစ်သည်။

## လစဉ်ဝင်ငွေ (အသားတင် လက်ကျန်ငွေ)

○ နိုင်ငံတွင်း အိမ်ငှားစရိတ်နှိုင်းယှဉ်မှု
တိုကျို (နံပါတ် ၁) - ၇၇,၁၇၄ ယမ်း (ပုံ-၁)
Aomori (နံပါတ် ၄၇) - ၃၆,၅၂၉ ယမ်း
ကွာဟမှု - <u>၄၀,၆၄၅ ယမ်း</u>

○ နိုင်ငံတွင်း နေထိုင်စရိတ် နှိုင်းယှဉ်မှု
တိုကျို (နံပါတ် ၁) - ၁၁၃,၅၅၇ ယမ်း (ပုံ-၂)
Yamaguchi (နံပါတ် ၄၇) - ၇၆,၃၈၅ ယမ်း
ကွာဟမှု - <u>၃၇,၁၇၂ ယမ်း</u>



○ **အထက်ပါ စရိတ်များ (အိမ်ငှားစရိတ် နှင့် နေထိုင်စရိတ်) ကို နှုတ်ပြီးသောအခါ လစဉ်ဝင်ငွေ (<u>အသားတင် လက်ကျန်ငွေ</u>)ကို အတိုင်းတာ တစ်ခုထိ မှန်းဆနိုင်သည်**

ဥပမာ ၁ (မြို့ပြ)- ၂၂၈,၈၀၀ ယမ်း (မှတ်ချက် ၁) (လစဉ် လစာငွေ) – ((ပုံ ၁) (အိမ်ငှား) + (ပုံ ၂) နေထိုင်စရိတ်)) = <u>၃၈,၀၆၉ ယမ်း</u> (အသားတင် လက်ကျန်ငွေ)

ဥပမာ ၂ (ဒေသတွင်း)- ၁၈၀,၅၀၀ ယမ်း (မှတ်ချက် ၁) (လစဉ် လစာငွေ) – (၃၈,၄၄၇ ယမ်း (မှတ်ချက် ၂) (အိမ်ငှား) + ၈၆,၄၄၀ ယမ်း (မှတ်ချက် ၃) (နေထိုင်စရိတ်))
= <u>၅၅,၆၁၃ ယမ်း</u> (အသားတင် လက်ကျန်ငွေ)

မှတ်ချက် ၁- ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန မှ ပြုစုသော လုပ်ခလစာဖွဲ့စည်းပုံ အခြေခံစရင်းအင်း မှ မှီငြမ်းသည်။ တိုကျို (နံပါတ် ၁) နှင့် မီယစာကီ (နံပါတ် ၄၇) ရှိ အသက် ၂၀ မှ ၂၄ နှစ်ရှိသူ တွက် လုပ်ခလစာ
မှတ်ချက် ၂- Miyazaki နယ်တွင်း (နံပါတ် ၄၇) လစဉ် အိမ်ငှားစရိတ် မှတ်ချက် ၃- Miyazaki နယ်တွင်း (နံပါတ် ၄၇) လစဉ် နေထိုင်စရိတ်

○ **<u>အိမ်ငှားရမ်းခ နှင့် နေထိုင်မှုစရိတ် သက်သာသောကြောင့် မြို့ပြဧရိယာထက် ဒေသခံ နယ်မြေများတွင် အလုပ်လုပ်ခြင်းက ဝင်ငွေပိုရနိုင်သည်။</u>**

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းဆိုင်ရာ ပဏာမခြေလှမ်းများ သာဓက

国土交通省

**အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်း မိတ်ဆက်**

- ရုံးချုပ် တည်နေရာ- တိုကျို
- မှတ်ပုံတင်ထားသော စက်ရုံများ- ဆောက်လုပ်ရေးနှင့် မြို့ပြ အင်ဂျင်နီယာ
- ရောင်းဈေး- ယမ်း ၃၁.၅ ဘီလီယံ (FY2018)
- နိုင်ငံခြားသား လုပ်သားများလက်ခံခြင်း- FY2016

(ဇန်နဝါရီ လ ၂၀၁၉ထိ လက်ခံ- လုပ်သား ၄ ယောက်၊ နည်းပညာ အလုပ်သင် ၃၆ ယောက်)

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ပဏာမ ခြေလှမ်းနှင့် ရည်ရွယ်ချက်**

✓ ဂျပန်နိုင်ငံတွင်း အတွေ့ကြုံ နည်းပါးသေးသော နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းများအား "နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်း (၁) (သို့) (၂) + နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သား (သို့) နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်း (၃)+ ဂျပန်ဘာသာစကားခေါင်းဆောင်"အဖြစ် ဖွဲ့စည်းပြီး လုပ်ငန်းခွင်တွင် စီနီယာ အလုပ်သင်များနှင့် ပြောဆိုဆက်သွယ်ရာနှင့် ညွှန်ကြားချက်များ အား နားလည်နိုင်ရန် လုပ်ဆောင်ထားသည်။

✓ လူနေဆောင်တွင် နေထိုင်ရအဆင်ပြေသော ဝန်းကျင်ဖြစ်စေရန် ညှိနိုင်းမှုများ လုပ်ဆောင်နိုင်ရန် ဗီယမ်နမ်လူမျိုးများက လစဉ် စည်းဝေးကျင်းပသည်။ အစည်းအဝေးဆုံးဖြတ်ချက်များကို ကုမ္ပဏီမှလည်း ထောက်မ ပေးသည်။ (အစားအစာ ၊ သန့်ရှင်းရေး၊ ဂျပန်ဘာသာစကားလေ့လာသည့် အတန်း နှင့် ပွဲများကျင်းပခြင်း စသည်)

✓ နွေဦးနှင့် ဆောင်းဦးရာသီ ခရီးတိုများ၊ အသားကင်၊ နှစ်ဆုံးပါတီ၊ နှစ်သစ်ကူးပါတီ၊ Nun San ဟောပြောခြင်း စသည့်ဖြင့် အခါသမယများသည် ပြောဆိုဆက်သွယ်ရေးနှင့် ယဉ်ကျေးမှု ဖလှယ် ရာတွင် များစွာ အထောက်အကူပြုသည်။

**နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားများအား အလုပ်လက်ခံစနစ်ကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းက အကဲဖြတ်ခြင်း**

✓ နည်းပညာဆိုင်ရာ အလုပ်သင်သည် ထူးချွန်ပြီးတက်ကြွကြသည်။ အနည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းတွင် သင်ယူခဲ့ရာများနှင့် ဂျပန် ဘာသာစကားကျွမ်းကျင်မှုများကို ဂျပန်နိုင်ငံရှိ လုပ်ငန်းခွင်တွင် ပြန်အသုံးချမည်ဖြစ်သည်။


✓ ဆောက်လုပ်ရေး ကျွမ်းကျင်ပညာရှင်အဖြစ် နှစ်အနည်းငယ်ကြာပြီးရင်တောင် ကျွမ်းကျင်လာဖို့အခက်အခဲများရှိသော်လည်း အလုပ်သင်များအဖြစ်ဂျပန်ကို လာရောက်ကြသောသူများအတွက် နေရင်းပြည်သို့ မပြန်ခင် အဆင့်မြင့် ကျွမ်းကျင်မှုများ ရနိုင်သော အခွင့်အရေးဖြစ်သည်။

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ လုပ်ငန်းလမ်းကြောင်း သာဓကများ**

- ၄ လ- ဂျပန်နိုင်ငံသို့ အလုပ်သင် အဖြစ်မလာခင် ဗီယက်နမ်တွင် ဘာသာစကား သင်တန်း
- ၁ လ- ဂျပန်နိုင်ငံ တွင်ပြဌာန်းထားသော သင်တန်း (ဂျပန်စကား ၊ လူနေမှုဘဝ၊ အလုပ်သမား ဥပဒေ စသည်ဖြင့်)
- ၁ လ နောက်ပိုင်း*- နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းအဖြစ် အလုပ်ဝင်
- ၃ နှစ် ကြာပြီးနောက်*- နေထိုင်ခွင့်အခြေအနေကို နိုင်ငံခြားသား ဆောက်လုပ်ရေး လုပ်သားအဖြစ်ပြောင်းလဲ (နေထိုင်ခွင့်အခြေအနေ- ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ) formwork အလုပ်ပုံစံတွင် ဆက်လက်လုပ်ဆောင်
- ၄ နှစ်ကြာပြီးနောက်ပိုင်း*- အလုပ်ဆိုဒ်ကြပ်အဖြစ် အလုပ်သင်ငယ် ၅ ယောက်ခန့်ကို ကြီးကြပ်

**နည်းပညာဆိုင်ရာ အလုပ်သင်အဖြစ်စတင်လုပ်ကိုင်သည့်နေ့မှစ၍

**အလုပ်သမားမိတ်ဆက်**



ဗီယက်နမ် အမျိုးသား (၂၉)



[Formwork တပ်ဆင်ရန် ကွန်ကရစ်သွန်းလောင်းပုံ]

- နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သား အဖြစ် ၂၄ လ ကြာ လုပ်ငန်းအတွေ့အကြုံရှိ
- အရည်အချင်း- အခြေခံ ကျွမ်းကျင်မှု အဆင့် ၂၊ Silinging ကျွမ်းကျင်မှု သင်တန်း၊ ဖြတ်စက်/လွှစက် လုပ်သားများတွက် ကျမ်းမာရေးနှင့် လုံခြုံရေး ပညာပေးခြင်း
- ဂျပန်ဘာသာစကား- N 2
- ကျွမ်းကျင်မှုအဆင့်မြင့်ပြီး အလုပ်တွင် အဖွဲ့ခေါင်းဆောင်အဖြစ် လုပ်ကိုင်သည်။
- ထပ်ဆင့်၍ အလုပ်ရှင်၏ ညွှန်ကြားချက်များကို အလုပ်သင်များအား ရှင်းပြခြင်း၊ လူနေဆောင်တွင်း ဂျပန်ဘာသာစကား သင်တန်းတွင် ဆရာအဖြစ်ဆောင်ရွက်ခြင်း

**အလုပ်သမားများရဲ့သဘောထား**

✓ ကျွန်တော် ဂျပန်ကိုရောက်တဲ့အခါ နိုင်ငံခြား ဘာသာစကားနဲ့ အလုပ်လုပ်ဖို့ ခက်ခဲခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် ဂျပန်စာကို ဆက်လေ့လာခဲ့တယ်။

✓ ကျွန်တော် ရခဲ့တဲ့ ကျွမ်းကျင်မှုတွေသုံးပြီး ဂျပန်မှာ ဆက် အလုပ်လုပ်ချင်ပါတယ်။

✓ အနာဂတ်မှာ ဗီယက်နမ်ရဲ့ စီးပွားရေးတိုးတတ်ဖို့ အတွက် ပါဝင်ချင်ပါတယ်။

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ လစာစနစ် ဖော်ပြချက်**

- ပထမနှစ် နည်းပညာဆိုင်ရာ အလုပ်သင်- ယမ်း ၁၆၇,၀၀၀ ခန့်

↓

- ပထမနှစ် နိုင်ငံခြားသား ဆောက်လုပ်ရေး လုပ်သား- ယမ်း ၁၉၂,၀၀၀ ခန့်

(အရည်အချင်းနှင့် အလုပ်ပေါ်ထားသည့်သဘောထားများ ထည့်သွင်းစဉ်းစားမည်)

↓

- ဒုတိယနှစ် နိုင်ငံခြားသား ဆောက်လုပ်ရေး လုပ်သား : ယမ်း ၁၉၄,၀၀၀ခန့်

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းဆိုင်ရာ ပဏာမခြေလှမ်းများ သာဓက

**အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်း မိတ်ဆက်**

- ရုံးချုပ် တည်နေရာ- ချီဘာ
- မှတ်ပုံတင်ထားသော စက်ရုံများ- လက်သမားလုပ်ငန်း၊ ငြမ်းဆင်ခြင်း နှင့် မြေလုပ်ငန်း
- ရောင်းဈေး- ယမ်း ၂၀၀ မီလီယံ (FY2017)
- နိုင်ငံခြားသား လုပ်သားများလက်ခံခြင်း- FY2012

( ဇန်နဝါရီ လ ၂၀၁၉ထိ လက်ခံ- နိုင်ငံခြားသားဆောက်လုပ်ရေးလုပ်သား ၄ ယောက်၊ နည်းပညာ အလုပ်သင် ၈ ယောက်)

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ ပဏာမ ခြေလှမ်းနှင့် ရည်ရွယ်ချက်

✓ ကုမ္ပဏီ အတွင်း ဂျပန်နိုင်ငံသားလုပ်သားများနှင့် နိုင်ငံခြားသား လုပ်သားများဖြစ်သော နည်းပညာဆိုင်ရာ အလုပ်သင်များနှင့် နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားများအား တန်းတူ ဆက်ဆံရမည်ဟူသော အချက်ကို အခြေခံ၍ အလုပ်သမားတိုင်းသည် အလုပ်တွင် စည်းလုံးစွာ အတူတကွ လုပ်ဆောင်ကြသည်။

✓ လုပ်ငန်းတွင် မကြာခဏ သုံးသော စကားများကို အင်္ဂလိပ်၊ ရိုမဂျီ၊ ဟီရာဂါနါ ဘာသာစကားများဖြင့် စာရင်းပြုစုထားပြီး သင်ယူထားသည်များကို မှတ်မိနိုင်ဖို့ စစ်ဆေးခြင်းများကို အထပ်ထပ်ပြုလုပ်ပေးသည်။

✓ ဒေသတွင်းကျင်းပသော အခမ်းအနားများတွင်ပါဝင်ခြင်းက ဒေသခံများနှင့် ဒေသ ရိုးရာဓလေ့များကို ပိုမိုနားလည်စေသည်။

## နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားများအား အလုပ်လက်ခံစနစ်ကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းက အကဲဖြတ်ခြင်း

✓ ဤစနစ်အားဖြင့် နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းပြီးဆုံးထားသော အရည်ချင်းရှိ အလုပ်သမားများနှင့် ကြာရှည်လုပ်ကိုင်ခွင့်ရစေပြီး သင်ကြားသင်ယူမှု နှစ်ခုလုံးအား အကြိုးပြုပေးသည်။ ထပ်မံ၍ အလုပ်သမားများပါလာနေသော စက်ရုံများတွင် အလုပ်သမားများ လုံလောက်စွာ ရရှိနိုင်သောကြောင့် စိတ်အေးရသည်။


✓ နိုင်ငံခြားသားဆောက်လုပ်ရေး လုပ်သားများလက်ခံခြင်း အစီအစဉ် သည် ၂၀၂၀ထိ ယာယီ ဖြစ်သည်။ နေထိုင်ခွင့်အများဆုံး သုံးနှစ်အထိ ကန့်သတ်ထားခြင်းကြောင့် ကုမ္ပဏီ နှင့် အလုပ်သမားနှစ်ဖက်လုံးက ဆက်နေထိုင်ရန် လိုလားသောအခါ ဆက်နေထိုင်ခွင့် ရခြင်းက အစီအစဉ်ကောင်းဖြစ်သည်။

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ လုပ်ငန်းလမ်းကြောင်း သာဓကများ**

- ၁ လ- ဂျပန်နိုင်ငံသို့ နည်းပညာဆိုင်ရာ အလုပ်သင်အဖြစ် မလာခင် မိခင် ဖိလစ်ပိုင်နိုင်ငံတွင် ဘာသာစကား သင်တန်း
- ၁ လ- ဂျပန်ဘာသာစကား၊ ဓလေ့ထုံးစံနှင့် လူမှုဘဝ (အမှိုက်နှင့် စွန့်ပစ္စည်းများခွဲခြားခြင်း)
- ၂ လ နောက်ပိုင်း *- နည်းပညာဆိုင်ရာ အလုပ်သင် အဖြစ် ပစ္စည်း ဖြုတ်ခြင်း တပ်ခြင်းလုပ်ငန်းတွင် ပါဝင်လုပ်ဆောင်
- ၃ နှစ် ခွဲ ကြာပြီးနောက်*- နေထိုင်ခွင့်အခြေအနေကို နိုင်ငံခြားသား ဆောက်လုပ်ရေး လုပ်သားအဖြစ်ပြောင်းလဲ (နေထိုင်ခွင့်အခြေအနေ - ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ) formwork အလုပ်ပုံစံတွင် ဆက်လက်လုပ်ဆောင်
- ၃ နှစ် ၈လ ကြာပြီးနောက်ပိုင်း- အလုပ်ဆိုဒ်ကြပ်အဖြစ် အလုပ်သင်ငယ် ၄ ယောက်ခန်းကို ကြီးကြပ်

*နည်းပညာဆိုင်ရာ အလုပ်သင်အဖြစ်စတင်လုပ်ကိုင်သည့်နေ့မှစ၍

**အလုပ်သမားမိတ်ဆက်**



ဖိလစ်ပိုင် အမျိုးသား (၃၀)



[မျက်နှာပြင်ပေါ်တွင် သံမဏိ rebars formwork လုပ်ခြင်း (ဘယ်ဘက်တွင် နိုင်ငံခြားသားအလုပ်သမား)]

- ၂၄ လ ကြာ အတွေ့အကြုံရှိသော နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သား
- အရည်အချင်း- အလုပ်ကြပ်၊ arc ဂဟေဆော်ခြင်း၊ ဖိအားနိမ့် စီးကြောင်း၊ ကြိုတ်စက်၊ ဖြတ်စက်/လွှစက်
- ဂျပန်ဘာသာစကား အဆင့်- N3
- စတီး formwork များဖြုတ်ခြင်း/တပ်ခြင်း တွင် လုပ်ကိုင်ရန်
- လုပ်ငန်းအတွေ့အကြုံတူသော ဂျပန်လူမျိုး အလုပ်သမားများနှင့် တူညီသော လုပ်ငန်းကျွမ်းကျွမ်းကျင်မှုရှိပြီး အလုပ်ဆိုဒ်များတွင် အလုပ်ကြပ်အဖြစ်လုပ်ဆောင်ရန်

**အလုပ်သမားများရဲ့သဘောထား**

✓ ဂျပန်ကို မရောက်ခင်ကျွန်တော့် ရည်မှန်းချက်က ပိုက်ဆံရှာဖို့ပါ ဒါပေမယ့် အခု ကျွန်တော် တခြားသူကို အကျိုးပြုဖို့ ကျွန်တော်ရဲ့ အတွေ့အကြုံနဲ့ ကျွမ်းကျွမ်းကျင်မှုကို သုံးချင်တယ်။

✓ ဒေသတွင်း လှုပ်ရှားမှုများတွင်ပါဝင်ခြင်းဖြင့် ဒေသခံများ အပြုံးကို မြင်ရခြင်းကကျွန်တော့်ကို ပျော်စေတယ်။

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ လစာစနစ် ဖော်ပြချက်**

- နည်းပညာဆိုင်ရာ အလုပ်သင်- ယမ်း ၁၅၀,၀၀၀ ခန့်

↓

- ပထမနှစ် နိုင်ငံခြားသား ဆောက်လုပ်ရေး လုပ်သား (ရွေးချယ်သတ်မှတ်ထားသော လုပ်ဆောင်မှုများ)- ယမ်း ၂၆၀,၀၀၀ ခန့်

↓

- အလုပ်ကြပ်အဖြစ် ရာထူး တိုးမြှင့်ခြင်း- ယမ်း ၂၉၀,၀၀၀ ခန့်

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းဆိုင်ရာ ပဏာမခြေလှမ်းများ သာဓက



**အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်း မိတ်ဆက်**

- ရုံးချုပ် တည်နေရာ- ယာမာဂါတာ ပြည်နယ်
- မှတ်ပုံတင်ထားသော စက်ရုံများ- ငြမ်းဆင်ခြင်းနှင့် မြေလုပ်ငန်း
- ရောင်းဈေး- ယမ်း ၄.၄ ဘီလီယံ (FY2017)
- နိုင်ငံခြားသား လုပ်သားများလက်ခံခြင်း- FY2000

(၂၀၁၁ ဇန်နဝါရီ ၃၁တွင်လက်ခံတဲ့အရေအတွက်- နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သား ၄ ယောက်၊ နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းသားများ ၁၇ ယောက်)

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ပဏာမ ခြေလှမ်းနှင့် ရည်ရွယ်ချက်

✓ ဒေသခံ ဗီယက်နမ် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ပူးပေါင်းသော အဖွဲ့အစည်းများမှ တစ်ဆင့် နိုင်ငံခြားသား လုပ်သားများတွက် အလုပ်သမားသင်တန်းပေးခြင်းနှင့် အကဲဖြတ်ခြင်းကို လုပ်ဆောင်ခြင်း၊ လိုအပ်သော အရည်အသွေးများရှိရန်နှင့် ဂျပန်တွင် မနေခင်နှင့် ရောက်ရှိပြီးနောက် လုပ်ငန်းအခွင့်အလမ်းများကို ပြခြင်းအားဖြင့် ကျွမ်းကျင်မှုနှင့် အရည်အချင်းများ ဆက်တိုးတက်ဖို့ လုံ့ဆော်ပေးသည်။

✓ နိုင်ငံခြားသားလုပ်သားများ ကျွမ်းကျင်မှုဆိုင်ရာ ပြိုင်ပွဲများတွင် ပါဝင်နိုင်ပြီး ကျွမ်းကျင်မှုရှိသူများကို ဂျပန်နိုင်ငံသား ပညာရှင်များအတိုင်း ဆက်ဆံပြီး အလုပ်ဆိုဒ်တွင် အုပ်စုခေါင်းဆောင် အဖြစ်ရှိရမည်။

✓ အကျိုးရလဒ်အနေဖြင့်၊ ဈေးနှုန်းသက်သာသော နေစရာအခန်း၊ တစ်ပတ် အိမ်ပြန်နိုင်သည့် အစီအစဉ် နှင့် နိုင်ငံခြားသား လုပ်သားများအတွက် ခရီးသွားစရိတ် ပေးခြင်းတို့ဖြစ်သည်။

## နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားများအား အလုပ်လက်ခံစနစ်ကို အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းက အကဲဖြတ်ခြင်း

✓ အလုပ်သမားများ အဆင့်မြင့် ဆောက်လုပ်ရေး စွမ်းရည်များ ရရှိနိုင်ခြင်း၊ စက်ကြီးမောင်းနှင်နိုင်သည့် လိုင်စင် အဆင့် ၁ ကျွမ်းကျင်မှု စစ်ဆေးခြင်း၊ အချင်းချင်းရဲ့ယဉ်ကျေးမှုများ သိနားလည်နိုင်ခြင်းနှင့် နည်းပညာ ဆိုင်ရာ အလုပ်သင် သင်တန်းကာလ (၃-၅ နှစ်) အပါအဝင် ပိုမိုကြာရှည်စွာ နေနိုင်ခြင်းကဲ့သို့သော အခွင့်ရေးကောင်းများရရှိစေသော စနစ်ကောင်းတစ်ခုဖြစ်သည်။


✓ ဂျပန်နိုင်ငံသို့ မဝင်မီနှ င့်ဝင်ပြီးနောက် လုပ်ငန်းလမ်းကြောင်းများကို ပညာရှင်များ၏ လေ့ကျင့်ပေးမှုဖြင့် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းနှင့် နိုင်ငံခြားသားလုပ်သားများ ရှင်းရှင်းလင်းလင်းသိရှိစေခြင်းဖြင့် အလုပ်အတွက် စေ့ဆော်မှုဖြစ်စေရမည်။

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ လုပ်ငန်းလမ်းကြောင်း သာဓကများ

- ၃ ပတ်- ဗီယက်နမ်တွင် ဆောက်လုပ်ရေး တတ်ကျွမ်းမှုနှင့် ဘာသာစကား သင်တန်း (နည်းပညာ အလုပ်သင် အဖြစ် ဂျပန်နိုင်ငံသို့ မလာခင်)
- ၁ လ- ဂျပန်ဘာသာစကား သင်တန်းပေးခြင်းနှင့် အုပ်စုလိုက် ပညာပေးရေးအစီအစဉ်အားဖြင့် ဂျပန်နိုင်ငံရဲ့လူမှုဘဝကို သင်တန်းပေးခြင်း
- ၁ လ ကြာပြီးနောက်*- အလုပ်သင်အဖြစ် ကွန်ကရစ်လောင်းခြင်းတွင် ဝင်ရောက်လုပ်ကိုင်ခြင်း
- ၃ နှစ်ကြာပြီးနောက်*- မိခင်နိုင်ငံ ဆောက်လုပ်ရေး ကုမ္ပဏီ သို့ပြန်ပြီး ကွန်ကရစ်လောင်းခြင်းလုပ်ငန်းတွင် လုပ်ကိုင်ခြင်း၊ မော်တော်ယာဉ်ကြီး ယဉ်မောင်းလိုင်စင်ရယူပြီး စက်မောင်းအဖြစ် ရာထူးတိုးယူခြင်း
- ၅ နှစ်ကြာပြီးနောက်*- နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားအဖြစ် နေထိုင်ခွင့်အခြေအနေ ပြောင်းလဲခြင်း (နေထိုင်ခွင့်အခြေအနေ- ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများ) သတ်မှတ်အလုပ်တွင် ဆက်လက်လုပ်ကိုင်ခြင်း
- ၅ နှစ်ကြာပြီးနောက်ပိုင်း*- အလုပ်သင်ခေါင်းဆောင်အဖြစ် အလုပ်သင် ၅-၈ ယောက်ကို သင်ကြားပေးခြင်း၊ လုပ်ငန်းတွင်းတွင် လက်ထောက်အဖြစ် တခြားကုမ္ပဏီမှ အလုပ်သမားများနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း

*နည်းပညာ အလုပ်သင်အဖြစ်ဝင်ရောက်သည့် ပထမနေ့မှစ၍

## အလုပ်သမားမိတ်ဆက်



ဗီယက်နမ် အမျိုးသား (၂၉)



[ကွန်ကရစ်သွန်းလောင်းရန် ဖိအားစုပ်စက်ကို သုံးနေကြခြင်း]

- နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သားအဖြစ် ၃၁လ အတွေ့အကြုံရှိသည်။
- အရည်အချင်း- ကျွမ်းကျင်မှုစစ်ဆေးခြင်း အဆင့် ၃ (အဆင့် ၂ အောင်မြင်ပြီး)
- ဂျပန်ဘာသာကျွမ်းကျင်မှု- N2
- အသင့်ရောစပ်ပြီး ကွန်ကရစ်နှင့် ပိုက်ကိုအသုံးပြုပြီး ကွန်ကရစ်လောင်းလုပ်ငန်းတွင် ပါဝင်ဖူးသည်။
- လုပ်ငန်းအဆင့်မြင့်ကျွမ်းကျင်မှုနှင့် ဂျပန်ဘာသာစကား ကျွမ်းကျင်မှုရှိသည်။ အလုပ်သင်များအား သင်ကြားပေးခြင်းနှင့် အစည်းအဝေးများတွင် အလုပ်ကြပ်ရဲ့လက်ထောက်အဖြစ် လုပ်ဆောင်ခြင်း

## အလုပ်သမားများရဲ့သဘောထား

✓ ကျွန်တော်သည် ကျွမ်းကျင်ဖို့ သင်ယူလေ့လာသည် သာမက ဂျပန်စကားကို လေ့လာပြီး အလုပ်သမား ခေါင်းဆောင်ဖြစ်လာရမည်။

✓ ကျွန်တော်နှင့်အတူ အလုပ်လုပ်နေသော နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းတွင် ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာချင်သည်။

✓ ကျွန်တော့်ရဲ့ဗီယက်နမ် ယဉ်ကျေးမှုကို ဖလှယ်ရင်း ဂျပန်ယဉ်ကျေးမှုများကိုလည်း သင်ယူချင်ပါသည်။

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ လစာစနစ် ဖော်ပြချက်

ပထမနှစ် သင်တန်းသား- ပျမ်းမျှ ၂၄၅,၀၀၀ ယမ်း (အခြေခံလစာ ၁၄၈,၀၀၀ ယမ်း)

ပထမနှစ် နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သား- ပျမ်းမျှ ၃၁၅,၀၀၀ ယမ်း (အခြေခံလစာ ၁၆၆,၀၀၀ ယမ်း)

တတိယနှစ် နိုင်ငံခြားသား ဆောက်လုပ်ရေးလုပ်သား- ပျမ်းမျှ ၃၄၀,၀၀၀ ယမ်း (အခြေခံလစာ ၁၇၀,၀၀၀ ယမ်း + အရည်အချင်းပြည့်သည့်အတန်း ၇,၀၀၀ ယမ်း)

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းဆိုင်ရာ ပဏာမခြေလှမ်းများ သာဓက

国土交通省

**အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်း မိတ်ဆက်**

・ကုမ္ပဏီအမည် - Shipyard A・ တည်နေရာ - Shikoku ဒေသ စသည်ဖြင့်
・နိုင်ငံခြားသားလုပ်သားရဲ့နိုင်ငံ - တရုတ်

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ပဏာမ ခြေလှမ်းနှင့် ရည်ရွယ်ချက်
## - သက်တောင့်သက်သာရှိသော ဒေသတွင်း နေထိုင်စရာ စီစဉ်ပေးခြင်း

✓ အသစ်အပ်နှံထားသော လူနေဆောင်။ ဈေးနှုန်းသက်သက်သာသာနှင့်ဝန်ဆောင်မှုအပြည့်ရနိုင်သော နေရာထိုင်ခင်း ကျယ်ကျယ်။

・သီးသန့်ခန်း ခြောက်ခန်း။ မိသားစုနှင့် ဆက်သွယ်နိုင်ရန် အင်တာနက် တပ်ဆင်ထား ・နေ့လည်စာအခမဲ့ ဖြစ်ပြီး ချက်ပြုတ် စားသောက်ခွင့်ရှိ

・စားပွဲတင် တင်းနစ်၊ ဘီလီယက်ခုံ နှင့် မိတ်ဆွေများနှင့်အတူ လေ့ကျင့်ခန်းလုပ်နိုင်ရန် အားကစားခန်း

・တစ်လ ယမ်း ၁၅၀၀၀ နှင့်ပစ္စည်းအစုံအလင်ပါသော လူနေဆောင်

✓ သွားလာရအဆင်ပြေလွယ်ကူသော တည်နေရာ

・ဈေးဝယ်စင်တာနှင့် ဆယ်မိနစ်လမ်းလျှောက်ရုံ ရောက်နိုင်၍ ကား မလိုပါ

・အားကစားကွင်းနှင့်နီးသောကြောင့် ဘောလုံးနှင့် ဘက်စကစ်ဘော ကစားနိုင်သည်။

✓ အိမ်ကဲ့သို့သောဝန်းကျင်မျိုး

・အလုပ်သမားများအတွက် ခရီးတိုများ နှင့် နွေရာသီပါတီပွဲများ စီစဉ်ပေးပြီး တရုတ်နှစ်သစ်ကူး၊ ဆောင်းဦးပွဲတော် စသည့် အခါကြီးရက်ကြီးများတွင် လက်ဆောင်များ ပေးသည်။


✓ နေထိုင်ရေးအတွက် ပြည့်ဝသော ထောက်ပံ့ပေးခြင်း

・ပြဿနာမရှိပဲ နေထိုင်နိုင်ရေးအတွက် အလုပ်ဆိုဒ်တွင် စကားပြန်များအား ၂၄ နာရီထားရှိသည်။

・အလုပ်သင်များအတွက် သတင်းစာများကို လစဉ်ထုတ်ပေးသည်။ (ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံ စသည်တို့မှ သတင်းအချက်အလက်များ ဝေမျှပေး)



ကိုယ်တိုင်ချက်ပြုတ်ဆောင်



အဆောင်တွင် စားပွဲတင်းနစ်ရေယာ၊ ဘီလီယက်ခုံနှင့် လေ့ကျင့်ရေးအားကစားရုံ ရှိပါတယ်။



သန့်ရှင်းတဲ့ကိုယ်ပိုင်အခန်း’



စက်ဘီးကျင့်ဝတ်ပညာရေး




နေ့ခရီးစဉ် (USJ)



နိုင်ငံခြားသားများအတွက် သီးသန့်ခန်းအသစ် (အပြင်ပိုင်း)

## Shipyard A ကုမ္ပဏီ မှ တရုတ်အလုပ်သမားများရဲ့အမြင်

✓ **ကျွန်တော်က shipyard ကုမ္ပဏီမှာ ဂဟေဆော်ပါတယ်။ စီနီယာ လုပ်ဖော်ကိုင်ဖက်များရဲ့ အကူအညီတွေကြောင့် အခု အလုပ်တော်တော်များကို ကိုယ်တိုင်လုပ်နိုင်တဲ့အတွက် ကျေးဇူးတင်ပါတယ်။**

✓ **ကျွန်တော်အခုနေတဲ့ လူနေဆောင်က အရမ်းအဆင်ပြေတယ်!**

✓ **အလုပ်နားရက်တွေမှာ ကျွန်တော် တင်းနစ်ကစားတယ်၊ gym လည်းဆော့ဖြစ်တယ်။**

✓ **အလုပ်အဝတ်နဲ့ နေ့လည်စာက အခမဲ့ဆိုတော့ တော်တော်လေး အဆင်ပြေတယ်!!**

✓ **လူနေဆောင်က တစ်လမှ ၁၅,၀၀၀ ပဲ၊ နောက် အသုံးဆောင်ပစ္စည်းတွေလည်းပါတယ်၊ ဒါကြောင့် လက်ထဲမှာ ပိုက်ဆံ တော်တော်များများ စုဆောင်းမိပြီး အိမ်ကိုပို့ပေးနိုင်တယ်။**



အဆောင်ပါတီ



ဂဟေဆော်ခြင်းအလုပ်

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့လုပ်ငန်းလမ်းကြောင်း သာဓကများ

✓ ၁ လ- မိခင်နိုင်ငံတွင် ဂျပန်ဘာသာစကားအခြေခံသင်တန်း လေ့ကျင့်ခြင်း
✓ ၁ လ - ဂျပန်နိုင်ငံတွင် လေ့ကျင့်ခြင်း
✓ ၁ လ ကြာပြီးနောက်- နည်းပညာ အလုပ်သင်အဖြစ် ဂဟေဆော်ခြင်းတွင် လုပ်ကိုင်ခြင်း
✓ ၃၆လ ကြာပြီးနောက်- သင်္ဘောဆောက်ခြင်းလို ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများမှာ အလုပ်သမားတစ်ဦး အဖြစ် ဝင်ရောက်လုပ်ကိုင်ခြင်း
✓ ၂၄ လအကြာတွင်- ဆိုဒ်မန်နေဂျာအဖြစ် လူငယ်အလုပ်သမား ၁၀ ဦးအား လမ်းညွှန်ပေးခြင်း
✓ အနာဂတ်တွင်- ဂျပန်ကို အထူးကျွမ်းကျင်တဲ့လုပ်သား (၁)အဖြစ် ပြန်လာရန်စီစဉ်ပါ။

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့အလုပ်ကိုင်ခေါ်ယူခြင်းဆိုင်ရာ အကဲဖြတ်ခြင်း

✓ ကမ္ဘာ့အကြီးဆုံး ကွန်တိန်နာသင်္ဘော စီမံကိန်းများထဲမှ တစ်ခုအဖြစ် စက်မှုလုပ်ငန်းတွင်းသို့ ဝင်ရောက်လာသော ကျွန်တော်တို့ကုမ္ပဏီအတွက် ဤစနစ်သည် ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှုများအလုပ်လို သင်္ဘောဆောက်ရာတွင် အဆင်ပြေချောမွေ့စေရန် သိသာထင်ရှားစွာ ကူညီပေးသည်။

✓ အထူးကျွမ်းကျင်တဲ့လုပ်သားဆိုင်ရာ စနစ်အသစ်သည် နည်းပညာအဆင့်မြင့်သော ဂျပန်နိုင်ငံတွင် အဆင့်မြင့်ကျွမ်းကျင်မှုများရရှိနိုင်ဖို့ ကြာရှည်စွာ အလုပ်လုပ်ကိုင် နိုင်သော နိုင်ငံခြားသား အလုပ်သင်များကို ကြိုဆိုသော စနစ်ဖြစ်သည်။

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းဆိုင်ရာ ပဏာမခြေလှမ်းများ သာဓက

国土交通省

**အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်း မိတ်ဆက်**

- ကုမ္ပဏီအမည်- Shipyard B
- တည်နေရာ- Kyushu ဒေသ စသည်ဖြင့်
- နိုင်ငံခြားသားလုပ်သားရဲ့နိုင်ငံ- ဗီယက်နမ်

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ ပဏာမ ခြေလှမ်းနှင့် ရည်ရွယ်ချက်
**- ဒေသတွင်း မြို့များကြီးပွားတိုးတတ်စေသော ဖွံ့ဖြိုးသော အလုပ်အကိုင် ပတ်ဝန်းဖြစ်စေရန်**

✓ လုံခြုံရေးနှင့် အတတ်ပညာပိုင်းဆိုင်ရာ အသေးစိတ်လမ်းညွှန်ချက်

- ဗီယက်နမ်လုပ်သားများ လုံခြုံစွာနှင့်စိတ်အေးချမ်းသာစွာ အလုပ်လုပ်နိုင်ရန် နှင့် အန္တရာယ် ကင်းရှင်းရေး ညွှန်ကြားချက်များ ပေးနိုင်ရန် အချိန်ပြည့် ဗီယက်နမ် စကားပြန်များ ထားရှိပေးသည်။
- အလုပ်သင်များအတွက် နည်းပညာ လမ်းညွှန်ချက်များနှင့် အကူအညီများပေးနိုင်ရန် ဂျပန်နိုင်ငံသား နည်းပညာရှင်များသာမက စီနီယာ ဗီယက်နမ် အလုပ်သမားများအား ထားရှိပေးသည်။ စီနီယာ လုပ်သားများက လုံခြုံရေးနှင့် အန္တရာယ်ကင်းရေးအတွက် သတိရှိရှိဖြင့် အလုပ်သင် များကို ကူညီပေးသည်။

✓ ဂျပန်ဘာသာစကား ကျွမ်းကျင်တတ်မြောက်မှု

- ဂျပန်ဘာသာစကား လေ့ကျင့်သင်ကြားပေးရန် ရုံးအသီးသီးတွင် ဗီယက်နမ် ဘာသာပြန်များ အချိန်ပြည့်ထားရှိသည်။
- ကိုယ်တိုင် ဂျပန်ဘာသာစကား ကျွမ်းကျင်မှုတိုးတတ်ချင်စိတ်ရှိစေရန် ဆုပေးဒဏ်ပေး စနစ်ထားရှိသည်။
- ဂျပန်နိုင်ငံသို့မလာမီ ကုမ္ပဏီမှ အကုန်အကျခံ၍ ဂျပန်ဘာသာစကားသင်တန်းကို အလုပ်သင်များအား ခြောက်လကြာ ပို့ချသည်။

✓ အလုပ်အကိုင် အခြေအနေကို လိုအပ်သလို ဆက်လက် ဆောင်ရွက်ပေးခြင်း စသည်ဖြင့်

- ကုမ္ပဏီ ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးမှု မေးဖြေအစီအစဉ် ပုံမှန် ပြုလုပ်သည်။ ( ၃ လ တစ်ကြိမ်)
- ဂျပန်နိုင်ငံတွင် နေထိုင်မှု နှင့် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများကို အချိန်ပြည့် ဗီယက်နမ် စကားပြန်များက သတိရှိရှိ တုန့်ပြန် ဆွေးနွေးကြသည်။

✓ အလုပ်နှင့် နီးခြင်း

- ဒေသခံ မြို့တော်ဖြစ်သောကြောင့် လူနေဆောင်သည် အလုပ်နေရာနှင့်နီးသည်။
- လူနေဆောင်များတွင် ဈေးနှုန်းသက်သာသော အိမ်ယာများ စီစဉ်ထားပြီး အလုပ်နှင့် နေရာ အကွာအဝေးပေါ်မူတည်ပြီး စက်ဘီးများ အခမဲ့ ငှားရမ်းပေးသည်။


ကုမ္ပဏီ ဝန်ထမ်းများနှင့်တွေ့စုံမေးမြန်းခြင်း


ဘေးကင်းလုံခြုံမှုပညာရေးကို သင်တန်းသားများအား သင်ကြားပေးခြင်း


အလုပ်ရုံနှင့်နီးတဲ့လူနေဆောင် (အပြင်ပုံ)

## Shipyard B ကုမ္ပဏီ မှ ဗီယက်နမ်အလုပ်သမားများရဲ့အမြင်

✓ **ရွေးချယ်သတ်မှတ်ထားတဲ့ လုပ်ဆောင်မှု ဖြစ်တဲ့ သင်္ဘောဆောက်လုပ်ခြင်းနေရာမှာ ကျွန်တော် ဂဟေဆက်ဆော်တဲ့ အလုပ်လုပ်ပါတယ်။ ကုမ္ပဏီ B မှာ နည်းပညာဆိုင်ရာ အလုပ်သင်အဖြစ် အတွေ့အကြုံရှိထားလို့ အခုတော့အလုပ်လုပ်ရတာ သက်တောင့်သက်သာရှိစေတယ်။**

✓ **ကျွန်တော် နားမလည်လို့ မေးစရာရှိတဲ့အခါ ဆိုဒ်ခေါင်းဆောင်က ဘာသာပြန်သူရဲ့အကူအညီနဲ့ ချက်ချင်း ရှင်းပြပေးပါတယ်။**

✓ **ကုမ္ပဏီနဲ့ မေးဖြေဆွေးနွေးတဲ့အခါ မေးခွန်းများကို ကြင်နာစွာ ဖြေကြားပေးတဲ့အတွက် သိပ်အကူအညီဖြစ်စေတယ်။**

✓ **အလုပ်သင် ငယ်သားများကို ညွှန်ကြားပေးရတဲ့အတွက် ကျွန်တော့်ရဲ့ဂျပန်ဘာသာစကားစွမ်းရည် နည်းနည်းချင်းဆီ တိုးတက်လာတာ တွေ့ရတယ်။**

✓ **လူနေဆောင်ကို အသစ်ပြန်ပြင်ဆောက်ထားတော့ အလွန်သန့်ရှင်းသပ်ရပ်တယ်၊ တစ်လ ယမ်း ၂၀,၀၀၀ ပဲကြပြီး အသုံးဆောင်တွေလည်း တစ်ခါတည်းပါတယ်။ အလုပ်နဲ့လည်းနီးတယ်၊ နေထိုင်ရတာလည်း သက်တောင့်သက်သာရှိတယ်။**

✓ **စက်ဘီးက အခမဲ့ ငှားနိုင်လို့ ဈေးဝယ်ထွက်တာ၊ ရှုခင်းသွားကြည့်ချင်တဲ့အခါလည်း အဆင်ပြေတယ်။**

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့လုပ်ငန်းလမ်းကြောင်း သာဓကများ

- ✓ ၆ လ - မိခင်နိုင်ငံတွင် ဂျပန်ဘာသာစကား အခြေခံ သင်တန်း
- ✓ ၂ လ - ဂျပန်နိုင်ငံတွင်းနေထိုင်သည့်ဘဝ၊ လုံခြုံရေး နှင့်ကျွမ်းကျင်မှု သင်တန်း
- ✓ ဂျပန်နိုင်ငံရောက်ပီး ၂လ ကြာပြီးနောက် - နည်းပညာ အလုပ်သင်အဖြစ် ဂဟေဆော်ခြင်းတွင် လုပ်ကိုင်ခြင်း
- ✓ သင်းတန်း ၁နှင့်၂ ပြီးစီးပြီးနောက် ( စုစုပေါင်း ၃၆လ) - ကြေးစား ဂဟေဆက်ခြင်း ဆိုင်ရာ အဆင့်မြင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း
- ✓ မိခင်နေရပ်အိမ်သို့ ယာယီပြန်ပြီး ဂျပန်နိုင်ငံသို့ပြန်လာပြီးနောက် - သင်္ဘောဆောက်လုပ်ခြင်းနေရာတွင် ရွေးချယ်သတ်မှတ်ထားသော လုပ်ဆောင်မှုများတွင် ဂဟေဆော်သူအဖြစ်ခန့်ထားခြင်း
- ✓ ရွေးချယ်သတ်မှတ်ထားသော လုပ်ဆောင်မှုများပြီးစီးပြီးနောက် - အထူးကျွမ်းကျင်တဲ့လုပ်သား (၁) အဖြစ် လုပ်ဆောင်ခြင်း (ကြိုတင်စီစဉ်ပြီးသား) (အုပ်စုခေါင်းဆောင် များမှ ခြုံငုံသုံးသပ် လမ်းကြောင်း)

## အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ အလုပ်ကိုင်ခေါ်ယူခြင်းဆိုင်ရာ အကဲဖြတ်ခြင်း

✓ ဒီစနစ်ကည် အထူးသီးသန့် ရွေးချယ်သတ်မှတ်ထားသော လုပ်ဆောင်မှုဖြစ်တဲ့ သင်္ဘောဆောက်လုပ်ခြင်းတွင် နိုင်ငံခြားသားလုပ်သားများအား လက်တွေ့သင်တန်းများပေးပြီး လုပ်သားများ အန္တရာယ်ကင်းရေးအတွက် အလုပ်ခန့်အပ်ထားတဲ့ အဖွဲ့အစည်းအတွက် အရေးကြီးသော စနစ် ဖြစ်သည်။

✓ "အထူးကျွမ်းကျင်တဲ့လုပ်သားများ" လက်ခံထားရှိသည့် ဤအစီအစဉ်သစ်အားဖြင့် ခေါင်းဆောင်များနှင့် အုပ်စုခေါင်းဆောင်များသည် လုပ်ငန်းညွှန်းကြားရာတွင် ကျွမ်းကျင်လာလိမ့်မည်ဟု ယုံကြည်သည်။ ဂျပန်နိုင်ငံနှင့် မိခင် နိုင်ငံကြားတွင် တိုးတက်ဖွံ့ဖြိုးမှုများ၊ ထပ်ဆင့်၍ လုပ်ငန်းကျွမ်းကျင်မှုများရှိလိမ့်မည်။

# အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းဆိုင်ရာ ပဏာမခြေလှမ်းများ သာဓက

国土交通省

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း မိတ်ဆက်**

- ကုမ္ပဏီအမည် : Shipyard C ・တည်နေရာ: Chugoku ဒေသ
- နိုင်ငံခြားသားလုပ်သားရဲ့နိုင်ငံ- ဖိလစ်ပိုင်

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ပဏာမ ခြေလှမ်းနှင့် ရည်ရွယ်ချက်**
**- ဒေသတွင်းစီးပွားရေး အားကောင်းစေရန် ရည်ရွယ်ပြီး အပန်းဖြေခြင်းနှင့် ဒေသတွင်းလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခြင်း**

✓ အပန်းဖြေ အနားယူခြင်း

・ဂျပန်နိုင်ငံတွင် ပျော်ရွှင်စွာနေထိုင်နိုင်ရန် ရည်ရွယ်ပြီး ဖျော်ဖြေရေး ပန်းခြံများတွင် ခရစ်စမတ်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲများ ကဲ့သို့သော အခါသမယများကို ကျင်းပပေးသည်။ ဤသို့ ကျင်းပပေးခြင်းသည် နိုင်ငံခြားသားလုပ်သားများနှင့် ဂျပန်လုပ်သားများကြား အသင်းစိတ်ဓာတ် တိုးများစေပြီး အပြန်အလှန် နားလည်မှုတိုးစေရန် ရည်ရွယ်သည်။

・မိခင်နိုင်ငံတွင် ဘက်စကက်ဘောကစားသည်ကို နှစ်သက်သော အလုပ်သင်များအတွက် ဘက်စကက်ဘောကွင်း စီစဉ်ထားသည်။

✓ ဒေသတွင်း လှုပ်ရှားမှုများဖလှယ်ခြင်း

・ဒေသတွင်းစီးပွားရေး မြှင့်တင်ရန် ရည်ရွယ်၍ ဒေသတွင်းအားကစားပွဲများဖြစ်သော မာရသွန်၊ မီးပန်းပွဲ စသည့် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ဆင်နွှဲကြသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုများတွင်လည်း ပါဝင်ခြင်းဖြင့် ရပ်ရွာကျိုးပြုလုပ်ငန်းများဆောင်ရွက်သည်။ ဤသို့ပါဝင်ခြင်းဖြင့် ဒေသခံများနှင့် နှစ်ဦးနှစ်ဖက် နာလည်မှုတိုးစေပြီး သက်တောင့်သက်သာ နေထိုင်မှုဝန်းကျင်ကို ဖန်တီးထားသည်။

✓ ပြည့်ဝသော နေထိုင်မှုထောက်ပံ့ထားခြင်း

・မိသားစုနှင့် ဆက်သွယ်နိုင်ရန် ဝါယာမဲ့ WiFi ထားရှိသည်။

・နိုင်ငံရပ်ခြားတွင်နေထိုင်ရခြင်းကို ဝန်ထုတ်ဝန်ပိုး မဖြစ်စေရန် ကုမ္ပဏီနှင့်လူနေဆောင်တွင် မိခင်ဘာသာစကားဖြင့် ဆွေးနွေးညှိနှိုင်းမှုများ၊ မေးဖြေဆွေးနွေးမှုများ ပုံမှန် လုပ်ဆောင်ပေးသည်။


ဘတ်စကက်ဘောကွင်း ပြုပြင်ထိန်းသိမ်းမှု


ဒေသတွင်းအားကစားပွဲများ တွင်ပါဝင်ခြင်း


ရပ်ရွာသန့်ရှင်းရေးလုပ်ငန်း များတွင်ပါဝင်ခြင်း

**Shipyard C ကုမ္ပဏီ မှ ဖိလစ်ပိုင်အလုပ်သမားများရဲ့အမြင်**

- ✓ **ကျွန်တော် အလုပ်မှာပျော်တယ်။**
- ✓ **ဖြစ်နိုင်ရင် ဂျပန်မှာ ဒီထက်ကြာကြာ အလုပ်လုပ်ချင်ပါတယ်။ (ငါးနှစ်ထက်ပေါ့)**
- ✓ **အလုပ်သမားတွေအတွက် နေထိုင်ရေး အပြည့်အစုံ ထောက်ပံ့ထားပြီး ကြိုးမဲ့ LAM ရှိတဲ့အတွက် မိသားစုနဲ့ အချိန်မရွေးဆက်သွယ်နိုင်တယ်။**
- ✓ **ဖိလစ်ပိုင်လူမျိုးဖြစ်တဲ့အတွက် ဘက်စကစ်ဘောအရမ်း ကြိုက်တယ်။ စက်ရုံနဲ့ အနီးအနားမှာ ဘက်စကစ်ဘော ကွင်းရှိတဲ့အတွက် ကျေနပ်မိပါတယ်။**
- ✓ **ဂျပန်နိုင်ငံမှာ ဥပဒေ စိုးမိုးတဲ့အတွက် စိတ်အေးချမ်းသာစွာ နေနိုင်တယ်။**
- ✓ **အသုံးဆောင်ပစ္စည်းအပြည့်ပါတဲ့ လူနေဆောင်က တစ်လမှ ယမ်း ၁၈,၀၀၀ပဲ ဆိုတော့ မိသားစု အတွက် ငွေပိုစုနိုင်တယ်။**
- ✓ **ကျွန်တော်တို့ကို ကုမ္ပဏီက အလုပ်အဝတ်အစား၊ ဆောင်းရာသီ အဝတ်အစား၊ အလုပ်စီးဖိနပ်တွေ စသည်ဖြင့် ထောက်ပံ့ပေးတယ်။**

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့လုပ်ငန်းလမ်းကြောင်း သာဓကများ**

- ✓ အလုပ်မဝင်မီ ၂ လ အလို - မိခင်နိုင်ငံတွင် အခြေခံ ဂျပန်ဘာသာစကား သင်တန်း
- ✓ အလုပ်ဝင်ပြီး တစ်လ - ဂျပန်နိုင်ငံတွင် ဂျပန်နိုင်ငံ လူနေမှုနှင့် ဘာသာစကား လေ့လာခြင်း
- ✓ သင်တန်းပြီးနောက်ပိုင်း - နည်းပညာဆိုင်ရာ အလုပ်သင်အဖြစ် ဆေးသုတ်ခြင်းတွင် ဝင်ရောက်လုပ်ကိုင်ခြင်း
- ✓ ၃၆ လ ကြာပြီးနောက်ပိုင်း - နည်းပညာပိုင်းဆိုင်ရာ အလုပ်သင် ၃ အဖြစ် ကျွမ်းကျင်ဆေးသုတ်သူအဖြစ် လုပ်ကိုင်ခြင်း (စီစဉ်ထားပြီး)

**အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့အလုပ်ကိုင်ခေါ်ယူခြင်းဆိုင်ရာ အကဲဖြတ်ခြင်း**

- ✓ အကောင်းဆုံးသော အလုပ်သင် သင်တန်းသားများစွာရှိပြီး သင်တန်းမှ ရရှိရာများကို ဂျပန်နိုင်ငံတွင်ပင် လက်တွေ့အသုံးပြုနိုင်သော ဒီစနစ်သည် နိုင်ငံခြားသားလုပ်သားများ နှင့် ကုမ္ပဏီအတွက် အလွန်ကောင်းသည်။
- ✓ နှစ်အနည်းငယ်အတွင်း သင်္ဘောဆောက်ခြင်းဆိုင်ရာ ပညာရပ် အားလုံးသင်ယူရန် ခက်ခဲသော်လည်း အဆင့်မြင့် ကျွမ်းကျင်မှုများ ဆက်လက်သင်ယူနိုင်ရန် နှစ်ရှည်နေထိုင်နိုင်သော အခွင့်အရေးကောင်းရှိသည်။

## နို့ထွက်ပစ္စည်း ထုတ်လုပ်ခြင်း

[အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း ကို ခြုံငုံသုံးသပ်ခြင်း ] (နိုဝင်ဘာ ၂၀၁၈ အတိုင်း)

တည်နေရာ- ဟော့ကိုင်းဒို

အလုပ်သမား- အချိန်ပြည့်လုပ်သား ၈ယောက် ၊ နည်းပညာဆိုင်ရာ အလုပ်သင် ၄ ယောက်၊ အချိန်ပိုင်းလုပ်သား ၄ယောက်

ပမာဏ- နို့စားနွား အကောင် ၉၈၀

(နွားနို့ တစ်လီတာဗူး ပေါင်း ၅သန်း နှစ်စဉ်ထုတ်လုပ်ပေးနေသည်)

[အလုပ်သင်များ အခြေအနေ]

စတင်လက်ခံခေါ်ယူမှု- ဇွန်လ ၂၀၁၅ (ဖိလစ်ပိုင် နိုင်ငံမှ)

အသက်နှစ်ဆယ်ကျော် အမျိုးသမီးများ၊ လစာ ယမ်း ၁၃၀,၀၀၀

[အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ ပဏာမ ခြေလှမ်း]

- အလုပ်ခေါ်ယူစဉ်တွင် လူတွေ့မေးမြန်းခြင်း
- အလုပ်သင်များအတွက် ကုမ္ပဏီမှ နေစရာစီစဉ်ပေးခြင်း
  (လူ ၆ယောက် အတွက် အဆောက်အအုံ ၂ လုံး)
  (ထိန်းသိမ်းပြုပြင်စရိတ် ယမ်း သန်း၅၀ခန့်)
- "တစ်ယောက်ကို တစ်ယောက် မိသားစုလို ဆက်ဆံပါ" ဆိုသော ဆိုရိုးကို လက်ကိုင်ပြု၍ အားလပ်ရက် များတွင် အနီးတဝိုက် ရှုခင်းကြည့်ခြင်းစားသောက်ပွဲများကျင်းပခြင်း စသည်ဖြင့် ကုန်လွန်စေသည်။



"လစာကောင်းပြီး နေစရာ အခန်းက သက်တောင့်သက်သာရှိတယ်။ ကျွန်မအိမ်က လယ်ထွန်စက်တစ်စီးနှင့် မော်တော်ဆိုင်ကယ် တစ်စီးတောင် ဝယ်နိုင်ပြီ" လို့ အလုပ်သင်တစ်ဦး (ညာ) က ပြောပြသည်။



ကုမ္ပဏီကပေးတဲ့ အဆောက်အဦးမှာ ကိုယ်ပိုင်သီးသန့်ခန်းရှိတယ်။ မီးဖိုဆောင်၊ ညှော်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်းနှင့် အိမ်သာ ပါရှိတယ်။



မွေးမြူရေးခြံ ရုံးရှေ့မှာ ဂျပန်နိုင်ငံအလံနဲ့ ဖိလစ်ပိုင်နိုင်ငံအလံ လွှင့်ထားတယ်။

## လယ်မြေ ထွန်ရက် စိုက်ပျိုးခြင်း - ဟင်းသီးဟင်းရွက်များ

[အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်း ကို ခြုံငုံသုံးသပ်ခြင်း ] နိုဝင်ဘာ ၂၀၁၉ အတိုင်း)

တည်နေရာ- ကာဂါဝါ စီရင်စုနယ်

အလုပ်သမား- အချိန်ပြည့်လုပ်သား ၄ ယောက်၊ နည်းပညာဆိုင်ရာ အလုပ်သင် ၁၀ ယောက်၊ အချိန်ပိုင်းလုပ်သား ၂ ယောက်

ပမာဏ- ၅၅ ဟက်တာ (ဆလက်ရွက်၊ ဆောင်းရာသီ ကြက်သွန်နီ စသည်ဖြင့်)

နိုင်ငံတော်သမ္မတရဲ့ ညွှန်ကြားချက်အရ အင်ဒိုနီးရှားသင်တန်းသားများသည် ဆလတ်ရွက်လယ်ကွင်းမှာ အလုပ်လုပ်နေကြသည်။



[အလုပ်သင်များ အခြေအနေနှင့် အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ ပဏာမ ဆောင်ရွက်မှုများ စသည်ဖြင့်]

- ၂၀၀၄ ကတည်းက လက်ခံသည်။ (အင်ဒိုနီးရှား နိုင်ငံမှ)
- လစာနှင့် လစာ တိုးမြှင့်ခြင်းတွင် ဂျပန်လူမျိုး အချိန်ပြည့်လုပ်သားများနှင့် အတူတူဖြစ်သည်။
- အလုပ်ဌာန မန်နေဂျာအဖြစ် အမျိုးသမီးအလုပ်သင်တစ်ဦး (တတိယနှစ်) ကိုခန့်အပ်ထားသည်။
- အလုပ်ခေါ်ယူမှုပေါ် မူတည်ပြီး အလုပ်ကိုင် စီမံမှုကို တိုးတတ်စေပြီး ကျယ်ပြန့်စေသည်။
- အလုပ်လက်ခံခေါ်ယူမှု မရှိခင်ထက် ရောင်းအား ဆယ်ဆ တိုးတတ်သည်။

[ဒေသဧရိယာ/ကြီးကြပ်သည့်အဖွဲ့အစည်း/အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရဲ့ ပဏာမ ခြေလှမ်းများ]

- အလုပ်ခန့်အပ်ထားတဲ့အဖွဲ့အစည်းရှိ နည်းပညာဆိုင်ရာ အလုပ်သင်ဟောင်းများ နေရင်း အင်ဒိုနီးရှား နိုင်ငံသို့ပြန်သွားပြီး အလုပ်သမားများစေလွှတ်သော ပူးပေါင်း အဖွဲ့အစည်း ထူထောင်နိုင်သည်။
- ဒေသခံ မွေးမြူရေးခြံ ၂၀ သည် ကိုယ်ပိုင် ကြီးကြပ်ရေးအဖွဲ့အစည်းကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်နိုင်ခဲ့သည်။
- ပွဲများတွင် အင်ဒိုနီးရှား သီချင်းများဆိုခြင်း၊ ဒေသတွင်း လှုပ်ရှားမှုများတွင် ပါဝင်ခြင်းအားဖြင့် ဒေသခံအဖွဲ့အစည်းများနှင့် အပြန်အလှန် ဆက်ဆံနိုင်ရေးများကို စသည်ဖြင့် စဉ်ဆက်မပြတ် လုပ်ဆောင်သည်။